
The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL.23, NO. 25 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 18, 2023

# ကမ္ဘာ့စီးပွားရေး အင်အားကြီးအုပ်စု ဖြစ်လာနိုင်သည့်

## ထွန်းသစ်စ ဈေးကွက်နိုင်ငံများအဖွဲ့




pmrsufESm - 8




## pelcrlm;ESóOPf&nfW (AI) enfynmtaumifoadumifp&m

pmrsufESm - 24

### လာမည့် ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် လေးသိန်းခန့် တင်ပို့ရန်ရှိနေ

pmrsufESm - 3

### ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာ့ကြက်သွန်နီ တင်ပို့ခွင့် ရရှိရေး စီစဉ်ဆောင်ရွက်နေ

pmrsufESm - 18

### စတော့အိပ်ချိန်း စာရင်းဝင် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များ

pmrsufESm - 25




Premium Quality
PEP
ပက်(ပ်) . . . နို့
နို့ဆီ ၊ နို့စိမ်း
သုံးကြည့်
Your Daily Partner
PEP
Solution
ပက်(ပ်) . . . နို့ဆီ
Sweetened Beverage Creamer
Premium Quality
PEP
Solution
ပက် (ပ်) . . . နို့စိမ်း
Evaporated

# လာမည့် ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် လေးသိန်းခန့် တင်ပို့ရန် ရှိနေ

လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာတန်ချိန် လေးသိန်းခန့် တင်ပို့ရန် ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ပြည်ပနိုင်ငံများသို့ မြန်မာ့ရော်ဘာများ တင်ပို့ရာတွင် တရုတ်နိုင်ငံက အဓိကဝယ်လက်ဖြစ်ပြီး နှစ်စဉ် ၇၅ ရာခိုင်နှုန်းခန့် တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

ထို့ပြင် စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန် အစရှိသည့် နိုင်ငံများသို့လည်း တင်ပို့လျက်ရှိပြီး နိုင်ငံအလိုက် တန်ချိန် အနည်းငယ်စီ ဝယ်ယူကြကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ပြည်ပသို့ ရော်ဘာတန်ချိန် ကိုးသောင်းကျော် တင်ပို့နိုင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ မြန်မာ့ရော်ဘာတင်ပို့မှုမှ နိုင်ငံခြားငွေ ရရှိမှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ သန်း ၂၅၀ မှ သန်း ၄၅၀ ကြား ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။



ပြည်တွင်း၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အများဆုံး ဒေသများမှာ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက ပေါင်း ၁ ဒသမ ၆၄ သန်းကျော်ရှိပြီး ထုတ်လုပ်မှု ဧကကိုးသိန်းခွဲခန့်ရှိကာ တစ်နှစ်ပျမ်းမျှအထွက်နှုန်း တန်ချိန် လေးသိန်းဝန်းကျင်ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။ **ပန်းဆု**

# နိုင်ငံ ခြောက်နိုင်ငံမှ နို့လုပ်ငန်းများ စီမံကိန်းဖြင့် အဆင့်မြှင့်တင်မည်



လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ မြန်မာနိုင်ငံ အပါအဝင် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ နို့စားနွား မွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရေးကို စီမံကိန်းအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံ နို့လုပ်ငန်းအသင်းမှ ထုတ်ပြန်ထားချက်အရ သိရသည်။

နို့စားနွား မွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရေး စီမံကိန်းကို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် ထိုင်းနိုင်ငံ KhonKaen တက္ကသိုလ်က အကောင်အထည်ဖော် ဆောင်ရွက်မည့် LMC Strengthening Dairy Innovation(SDI) စီမံကိန်းဖြစ်ကြောင်းနှင့် ယင်းစီမံကိန်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းအရ သက်ဆိုင်ရာနိုင်ငံများမှ မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ နို့စားနွား မွေးမြူသူများ၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်သူများအား နည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများအကြား နို့စားနွား မွေးမြူရေးနှင့် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးဆိုင်ရာ ကွန်ရက်ဖွဲ့စည်းတည်ထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအရ ဖွင့်လှစ်မည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၂၄ ခုနှစ် မေလတွင် စတင်နိုင်ရန် ပြင်ဆင်ထားရှိကြောင်း သိရသည်။

ယင်းသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှ သင်တန်းသားများ စေလွှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံနို့လုပ်ငန်းအသင်းတို့က သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

စိတ်ပါဝင်စားသည့် နို့စားနွား မွေးမြူသူများ၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်သူများအနေဖြင့် သင်တန်းတက်ရောက်နိုင်ရန် နိုင်ငံကူးလက်မှတ် အပါအဝင် အခြားလိုအပ်သည့် စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားကြရန် အသိပေးထားကြောင်း သိရသည်။ **မြသဲ**

# E-commerce PlatForm ဈေးကွက်အတွင်း ကုန်ပစ္စည်းများ ကြော်ငြာ၍ ရောင်းချနိုင်ပြီ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က Digital E-commerce PlatForm တစ်ခု တည်ဆောက်ထားပြီး ပြည်တွင်းမှ လုပ်ငန်းရှင်များ Exporter များ၊ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှ Buyer များနှင့် ချိတ်ဆက်ရောင်းဝယ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းသာမက ပြည်ပမှကုမ္ပဏီများ လုပ်ငန်းရှင်များကလည်း ၎င်းတို့၏ ကုန်ပစ္စည်းများကို E-commerce PlatForm တွင် ပါဝင်ရောင်းချနိုင်မည်ဖြစ်သလို လုပ်ငန်းရှင်အချင်းချင်း အရောင်းအဝယ်ပြုလုပ်နိုင်ပြီး ပြည်တွင်းထုတ်ကုန်များကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမည်ဖြစ်သည်။

ထုတ်ကုန်ပစ္စည်းတစ်ခုချင်းစီ၏ အချက်အလက်များ၊ ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်၏ အချက်အလက်များ၊ ဆက်သွယ်ရမည့် လိပ်စာ၊ ကုန်ပစ္စည်းတန်ဖိုး၊ ထုတ်လုပ်သည့်ပမာဏတို့ကို အသေးစိတ်ဖော်ပြထားမည်ဖြစ်ပြီး ကုမ္ပဏီ၊ လုပ်ငန်းရှင်အချင်းချင်း PlatForm ပေါ်တွင် တိုက်ရိုက်ချိတ်ဆက်အရောင်းအဝယ်ပြုလုပ်နိုင်မှာဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

**မင်းမင်းဦး (ပသ)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
သိန်းထွန်းဦး
ခင်သက်ထား
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
သန့်စင်မင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**လက်ထောက်စာတည်း**
ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မိုးညှင်းခရိုင်အတွင်း မိုးစပါး ရိတ်သိမ်းပြီးစီးမှုနှင့် ဆန်စပါး ဈေးနှုန်းဈေးကွက် အခြေအနေ

ကချင်ပြည်နယ် မိုးညှင်းခရိုင်သည် မိုးစပါးကိုသာအဓိကထား စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးသည့် စပါးအမျိုးအစားများမှာ ဆင်းဧကရီ (၃)၊ ဧရာမင်း၊ ငွေတိုး၊ ကောက်ညှင်းနှင့် တောင်ယာစပါးတို့ကို စိုက်ပျိုးကြသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးစပါး ၂၅၂၁၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒီဇင်ဘာလ ဒုတိယပတ်အထိ ၂၄၇၂၀၄ ဧက ရိတ်သိမ်းပြီးစီးခဲ့ရာ အထွက်နှုန်းအနေဖြင့် ပျမ်းမျှ ၇၇ ဒသမ ၁၇ တင်း ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရှိရသည်။

ကောက်သစ်စပါးဈေးနှုန်းများမှာ ငွေတိုးစပါးတစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ ဧရာမင်း စပါးတစ်တင်းလျှင် ကျပ် ၂၂၅၀၀၊ ဆင်းဧကရီ(၃) စပါးတစ်တင်းလျှင် ကျပ် ၁၄၀၀၀ နှင့် ဆင်းဧကရီ(၃) စပါးအဟောင်းတစ်တင်းလျှင် ကျပ် ၁၆၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေသည်။

ဆန်ဈေးနှုန်းများမှာ ငွေတိုးဆန် တစ်ပြည်လျှင် ကျပ် ၄၈၀၀၊ ငွေတိုးဆန် တစ်အိတ်လျှင် ကျပ် ၁၀၆၀၀၀၊ ဧရာမင်းဆန် တစ်ပြည်လျှင် ကျပ် ၅၀၀၀၊ ဧရာမင်းဆန် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ဆင်းဧကရီ(၃) တစ်ပြည်လျှင် ကျပ် ၃၂၀၀၊ ဆင်းဧကရီ (၃) တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ပေါ်ဆန်းမွှေးတစ်ပြည်လျှင် ကျပ် ၅၂၀၀၊ ပေါ်ဆန်းမွှေး တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။

**ယွန်းနန္ဒာ(မိုးညှင်း)**

# ပခုက္ကူခရိုင် ပေါက်မြို့နယ်တွင် မိုးစပါး ရိတ်သိမ်းပြီးစီးမှု အခြေအနေ

ပခုက္ကူခရိုင် ပေါက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက ၁၂၀၀၀ ကျော်ရှိပြီး စိုက်ပျိုးသည့် စပါးမျိုးများမှာ ဧရာပဒေသာ၊ မနောသုခ၊ ဆင်းသုခမျိုးများဖြစ်ပြီး စပါးပင်များကို စတင်စိုက်ပျိုးရာတွင် တစ်ဧကလျှင် ကောက်စိုက်သမ ရှစ်ဦးဖြင့် စိုက်ပျိုးကြပြီး လုပ်သားခ တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ပေးရကြောင်း၊ စတင်စိုက်ပျိုးသည်မှစ၍ အသုံးပြုသော မြေဆီမှာ ပုလဲမြေဩဇာကို အသုံးပြုရပြီး ပုလဲမြေဆီမှာ ဝယ်ယူရာတွင် အခက်အခဲများ ရှိသောကြောင့် နွားချေးကိုသာ အသုံးပြုကြောင်း၊ တစ်ဧကစိုက်ပျိုးမှုမှာ တစ်တင်းခွဲခန့် စိုက်ပျိုးမှုရှိကြောင်း၊ မနောသုခမှာ ရက်ပေါင်း ၁၄၀ ပြည့်မှသာ စတင်ရိတ်သိမ်းကြပြီး၊ ဆင်းသုခမှာ ရက်ပေါင်း ၁၂၀ ပြည့်မှသာ ရိတ်သိမ်းကြကြောင်း ပေါက်မြို့နယ် စပါးစိုက်တောင်သူထံမှ သိရသည်။

ယခုအခါ ပေါက်မြို့နယ်တွင် မိုးစပါးများစတင်ရိတ်သိမ်းနေကြကြောင်း၊ တစ်ဧကလျှင် အထွက်နှုန်းမှာ တင်း ၈၀ မှ တင်း ၉၀ အထိထွက်ရှိကြောင်း၊ တစ်ဧက ကုန်ကျစရိတ်မှာ ကျပ် ၁၀ သိန်းကျော်ဝန်းကျင် ကုန်ကျကြောင်း၊ ကုန်ကျစရိတ်မှာလည်း နယ်မြေဒေသကိုလိုက်၍ ကွဲပြားခြားနားမှုရှိပြီး စပါးတစ်တင်း ရောင်းချမှုဈေးနှုန်းမှာလည်း မတူညီကြကြောင်း၊ မြို့ပေါ်အနေဖြင့် စပါးတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ရှိသော်လည်း တချို့နေရာဒေသများတွင် ကျပ် ၂၀၀၀၀ ဝန်းကျင်ရှိပြီး မိုးစပါးသီးနှံ စိုက်ပျိုးတောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# Edkifbmvtwf;qef;ESifUqefuGJwifydkYrI ydkYukefwiftar&duefa':vm 86 oef;&S

**ဆန်**

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၈၉ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၈၁၉၀၀ ကျော်တင်ပို့သည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၆၇၅၈၀ ကျော်နှင့် ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် ၁၄၃၀၀ ကျော် တင်ပို့ခဲ့သည်။

ဆန်တင်ပို့သော အာရှနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၄၀၈၅၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၈၄၁၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၇၇၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၃၇၆၀၊ ဗီယက်နမ်နိုင်ငံသို့ ဆန်တန်ချိန် ၉၅၀၊ စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀ ကျော်နှင့် ဟောင်ကောင်သို့ဆန်တန်ချိန် ၃၃၀ကျော်တင်ပို့သည်။ ဥရောပနိုင်ငံများသို့ ဆန်တင်ပို့မှုများမှာ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၃၇၆၀ ကျော်၊ အင်ဒိုရာနိုင်ငံသို့ ဆန်တန်ချိန် ၂၀၄၀၊ ချက်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၃၇၆၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၅၀၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၈၅၀၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၄၅၀၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၄၀၀၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၁၂၅၀၊ ပြင်သစ်နိုင်ငံသို့ ဆန်တန်ချိန် ၃၅၀၊ ခရိုအေးရှားနိုင်ငံသို့ဆန်တန်ချိန် ၂၅၀၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၃၁၀ ကျော်၊ ရိုမေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ ကျော်၊ လစ်သူယေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၁၇၀ ကျော်နှင့် လစ်ဗျားနိုင်ငံသို့ ဆန်တန်ချိန် အနည်းငယ်နှင့် အာဖရိကနိုင်ငံဖြစ်သော နယူးဂီနီနိုင်ငံသို့လည်း ဆန်တန်ချိန်အနည်းငယ်တင်ပို့ခဲ့သည်။

နိုဝင်ဘာလအတွင်းမြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ဒသမ ၆၁၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၆၅၉၀ ကျော် တင်ပို့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု တန်ချိန် ၈၈၄၉၀ ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၅၀၂ သန်း ရရှိသည်။ အောက်တိုဘာလ ဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၅၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

**ဆန်ကွဲ**

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၄၀၄ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၇၅၇၉၀ ကျော် တင်ပို့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၈၈၄၀ ခန့်နှင့် ဥရောပနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၆၉၅၀ ကျော် တင်ပို့သည်။ ဆန်ကွဲတင်ပို့သော အာရှနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၁၄၆၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၈၀၀၊ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲ ၆၆၃၈ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၈၆၀၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ နှင့် မလေးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် အနည်းငယ်တင်ပို့သည်။ ဆန်ကွဲတင်ပို့သော ဥရောပနိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၉၈၀၀၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၂၅၀၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ တန်ချိန် ၅၁၂၀ ကျော်၊ စပိန်နိုင်ငံသို့ တန်ချိန် ၃၁၅၀၊ ပိုလန်နိုင်ငံသို့ တန်ချိန် ၁၅၀၀၊ အင်ဒိုရာနိုင်ငံသို့ တန်ချိန် ၇၈၀ နှင့် ချက်သမ္မတနိုင်ငံသို့ တန်ချိန် ၃၅၀ ကျော် တင်ပို့သည်။

နိုဝင်ဘာလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၅ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၆၄၀ ကျော် တင်ပို့သဖြင့် နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု စုစုပေါင်း တန်ချိန် ၈၀၄၃၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၃၅ ဒသမ ၄၃၉ သန်း ရရှိသည်။ ယခင်လ ဆန်ကွဲတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် လေးသောင်းကျော် ပိုမိုတင်ပို့ခဲ့သည်။

နိုဝင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်း တန်ချိန် ၁၆၈၉၀၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၉၄၁ သန်းရရှိသည်။

**DAAT**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁၅-၁၂-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၉၇ | ၆၅၄ | ↑ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၈၃ | ၆၄၀ | ↑ | ၆၅၇ | ၆၆၂ | ↑ | | | | ၅၇၂ | ၅၈၇ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၅၆၀ | ၆၀၀ | ↑ | ၆၄၂ | ၆၄၇ | ↑ | | | | ၄၉၀ | ၅၀၇ | ↑ |
| ပေါင်းဆန် | ၅၈၃ | ၆၄၀ | ↑ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီး(၁၅-၁၂-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၁၆၀၀၀ | - | ၅၈၀၀၀ | - | | | ၁၂၅၀၀၀ | - |
| ပဲခူး | ၁၆၅၆၀ | - | ၆၃၀၀၀ | - | | | - | - |
| စစ်တွေ | ၁၇၉၀၀ | - | ၁၀၀၀၀၀ | - | ၂၄၀၀၀ | - | ၁၇၀၀၀၀ | - |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၁၄၉၀၀ | | ၆၅၀၀၀ | - | | | ၈၆၅၀၀ | |
| မန္တလေး | ၂၅၀၀၀ | - | ၉၆၀၀၀ | - | | | ၁၃၉၀၀၀ | - |
| မကွေး | ၁၉၅၀၀ | | ၈၈၀၀၀ | | | | ၁၄၄၀၀၀ | - |
| မြိတ် | ၁၉၀၀၀ | - | ၇၆၀၀၀ | - | | | ၁၂၈၀၀၀ | - |
| ဘားအံ | ၁၈၀၀၀ | - | ၆၈၀၀၀ | - | | | ၁၁၄၀၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။




# ပြည်ခရိုင် မိုးစပါးဈေးနှုန်းများ မြင့်တက်

ပြည်ခရိုင်အတွင်းရှိမြို့နယ်များတွင်မိုးစပါးသစ်များ လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ ပြည်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၇၄၆၄၂ ဧက စိုက်ပျိုးပြီး ရိတ်သိမ်းဧကမှာ ၆၀၇၆၂ ဧက၊ ပေါက်ခေါင်းမြို့နယ်တွင် ၄၆၇၅၇ ဧက စိုက်ပျိုးပြီး ရိတ်သိမ်းဧကမှာ ၃၈၆၆၃ ဧက၊ ပန်းတောင်းမြို့နယ်တွင် ၃၆၉၃၅ ဧက စိုက်ပျိုးပြီး ရိတ်သိမ်း ၄၃၈၆၇ ဧက၊ ရွှေတောင်မြို့နယ်တွင် ၅၈၁၆၃ ဧက စိုက်ပျိုးပြီး ရိတ်သိမ်းဧကမှာ ၄၈၂၅၆ ဧကဖြစ်သည်။ အထွက်နှုန်းအနေဖြင့် ၈၉ တင်းခန့်ထွက်ရှိသည်။

ကရင်မစပါး ၄၆ ပေါင် တင်း ၁၀၀ လျှင် ယခင်တစ်ပတ်က ကျပ် ၁၆၄၀၀၀၀ ရှိပြီး ယခုဒီဇင်ဘာဒုတိယပတ်တွင် ကျပ် ၁၇၀၀၀၀၀ သို့ ဈေးမြင့်တက်ခဲ့သည်။ ကရင်မဆန် တစ်အိတ်လျှင် ယခင်တစ်ပတ်က ကျပ် ၆၀၀၀၀ မှ ယခုအပတ်တွင် ကျပ် ၆၃၀၀၀ ဖြင့် အရောင်းအဝယ်ရှိသည်။ မော်ဘီစပါး တင်း ၁၀၀ လျှင် ယခင်က ကျပ် ၁၇၀၀၀၀၀၊ ယခုဒီဇင်ဘာ ဒုတိယပတ်တွင် ကျပ် ၁၈၀၀၀၀၀ ထိ ဈေးမြင့်ခဲ့သည်။ မော်ဘီဆန်တစ်အိတ်လျှင် ယခင်က ကျပ် ၆၅၀၀၀ မှ ယခုပတ်တွင် ကျပ် ၆၈၀၀၀ သို့ ဈေးမြင့်ခဲ့သည်။

ယခုရက်ပိုင်းအတွင်း စပါး၊ ဆန်ဈေး မြင့်တက်ရခြင်းမှာ သယ်ယူပို့ဆောင်ခ ဈေးမြင့်ခြင်း၊ စပါးရိတ်သိမ်းခများမှာ ယခင်က တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀၊ ယခု တစ်ဧကလျှင် ကျပ် ၁၄၀၀၀၀ သို့ ဈေးမြင့်တက်ခဲ့ခြင်းတို့ကြောင့် စပါးဈေးဆန်ဈေးများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လွင်လွင်ဆန်း(ပြည်)**




# ပြည်ကုန်စည်ဒိုင်၏ ဒီဇင်ဘာလ ပဲဈေး အခြေအနေ

ပြည်ကုန်စည်ဒိုင်တွင် ပဲသစ်များ အဝင်ရှိနေပြီး ရန်ကုန်၊ မန္တလေး ဝယ်လက်များနှင့် လှောင်သမားများအဝယ်ရှိနေသည်။

**မတ်ပဲ**

ပြည်ကုန်စည်ဒိုင်တွင် ဒီဇင်ဘာလပထမပတ်တွင် မတ်ပဲ တစ်တင်းလျှင် ကျပ် ၉၁၀၀၀-၉၁၅၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၁၅၀-၂၀၀ ခန့်ရှိပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ် ၁၀၀-၂၀၀ခန့် အဝယ်ရှိသည်။

**ပဲတီစိမ်း**

ဒီဇင်ဘာပထမပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၅၀၀၀ ဖြင့် မန္တလေးနှင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၅၀၀-၆၀၀ခန့် ရှိပြီး ဒီဇင်ဘာ ဒုတိယပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၆၂၀၀၀ ဖြင့် မန္တလေး အဝယ်တစ်ရက်လျှင် အိတ် ၄၀၀-၅၀၀ ခန့် အဝယ်ရှိသည်။

**ပဲစင်းငုံ**

ဒီဇင်ဘာ ပထမပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ဈေးအေးနေပြီး တစ်ခါတစ်ရံမှသာ အရောင်းအဝယ်ဖြစ်ပြီး ရန်ကုန်အဝယ်ရှိလျှင် အိတ်၁၅၀-၂၀၀ ခန့်ရှိသည်။ ဒီဇင်ဘာ ဒုတိယပတ်တွင် ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၂၀၀ ခန့် အဝယ်ရှိခဲ့သည်။

**ကုလားပဲ**

ဒီဇင်ဘာ ပထမပတ်တွင် ကုလားပဲ ဟော်လန် တစ်တင်းလျှင် ကျပ် ၉၂၀၀၀၊ မြကြေးမှုံ တစ်တင်းလျှင် ကျပ် ၉၁၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများနှင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ် ၂၅၀-၃၀၀ ခန့်ရှိပြီး ဒီဇင်ဘာ ဒုတိယပတ်တွင် ကုလားပဲဟော်လန် တစ်တင်းလျှင် ကျပ် ၉၂၅၀၀၊ မြကြေးမှုံ တစ်တင်းလျှင် ကျပ် ၉၁၅၀၀ ဖြင့် ခွဲစက်သမားနှင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၃၀၀-၄၀၀ ခန့်ရှိခဲ့သည်။

**ပဲကြီး**

ပြည်ကုန်စည်ဒိုင်၏ ဒီဇင်ဘာပထမပတ်တွင် ပဲကြီး တစ်တင်းလျှင် ကျပ် ၁၃၂၀၀၀၊ ပဲကြီး(ကုန်းပဲ) တစ်တင်းလျှင် ကျပ် ၁၃၀၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားများ တစ်ရက်လျှင် အိတ် ၃၀၀-၄၀၀ ခန့် အဝယ်ရှိသည်။ ဒီဇင်ဘာ ဒုတိယပတ်တွင် ပဲကြီး(ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၁၃၂၀၀၀၊ ပဲကြီး (ကုန်းပဲ)တစ်တင်းလျှင် ကျပ် ၁၃၀၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားနှင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၄၀၀-၅၀၀ ခန့်ရှိသည်။

**စားတော်ပဲ**

ဒီဇင်ဘာ ပထမပတ်တွင် စားတော်ပဲ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၂၅၀၀၀ ဖြင့် မြို့တွင်း အဝယ်တစ်ရက်လျှင် အိတ် ၅၀-၁၀၀ ခန့်ရှိသည်။ ဒီဇင်ဘာဒုတိယပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းလျှင် ကျပ် ၁၂၅၀၀၀ ဖြင့် မြို့တွင်းအဝယ်တစ်ရက်လျှင် အိတ် ၁၀၀ ခန့်ရှိသည်။

**ဗိုလ်ကိတ်**

ဒီဇင်ဘာ ပထမပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၅၀-၁၀၀ ခန့်ရှိသည်။ ဒီဇင်ဘာ ဒုတိယပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ကျပ် ၇၂၀၀၀ မြို့တွင်းနှင့် ရန်ကုန်အဝယ်တစ်ရက်ကို အိတ် ၁၀၀-၁၅၀ခ န့်ရှိသည်။

ပြည်ကုန်စည်ဒိုင်တွင် ဒီဇင်ဘာလ ပဲအရောင်းအဝယ်ဖြစ်မှု အနေဖြင့် သွက်လျက်ရှိပြီး မတ်ပဲဈေးမှာ ကျဆင်း၍ ကျန်ပဲများမှာ ဈေးမြင့်လျက်ရှိကြောင်းသိရသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

# မန္တလေး ကုန်စည်ဒိုင်တွင် မြေပဲဆန်နှင့် ပဲတီစိမ်း(အညာ) ဈေးကွက်အခြေအနေ

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မြေပဲဆန်ဝင်ရောက်မှုနည်းလာပြီး မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်က ဝယ်ယူမှုရှိကြောင်း၊ ကျွန်းတွင်စိုက်ပျိုးမည့် တောင်သူများမှ မျိုးမြေပဲများ ဝယ်ယူနေပြီး ဆီဆန်ကို ဆီစက်သမားများက ဝယ်ယူနေသောကြောင့် မြေပဲဆန် တစ်ပိဿာလျှင် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၁၀၀၀ ထိမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှ သိရသည်။

မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၄၀၀ မှ ၆၅၀၀၊ ယခင်တစ်ပတ် ကျပ် ၅၅၀၀ မှ ၅၈၀၀၊ ယခင်လ ကျပ် ၅၅၀၀ မှ ၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆၀၀ မှ ၁၀၀၀၊ ယခင်လထက် ကျပ် ၄၀၀ မှ ၁၀၀၀ မြင့်တက်လာပြီး မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၅၈၀၀ မှ ၆၃၀၀၊ ယခင် တစ်ပတ်ကျပ် ၅၆၀၀ မှ ၆၀၀၀၊ ယခင်လ ကျပ် ၅၈၀၀ မှ ၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၃၀၀၊ ယခင်လ ထက်ကျပ် ၃၀၀ မြင့်တက်လာသည်။ S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၃၀၀ မှ ၅၅၀၀၊ ယခင်တစ်ပတ် ကျပ် ၅၂၀၀ မှ ၅၃၀၀၊ ယခင်လကျပ် ၅၄၀၀ မှ ၅၅၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀ ယခင်လထက် ကျပ် ၁၀၀ မြင့်တက်လာသည်။

ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်း ဝင်ရောက်မှုနည်းနေပြီး အရောင်းအဝယ် သွက်နေကြောင်း သိရသည်။ ရန်ကုန်နှင့် တရုတ်ဝယ်လက် ဝယ်ယူမှုရှိသောကြောင့် ပဲတီစိမ်း(အညာ) သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀ မှ ၂၅၀၀၀ ထိမြင့်တက်လာကြောင်း ဈေးကွက်မှ သိရသည်။ ပဲတီစိမ်း(အညာ) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၁၅၀၀၀၀ မှ ၁၆၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၂၅၀၀၀ မှ ၁၅၀၀၀၀၊ ယခင်လ ကျပ် ၁၅၀၀၀၀ မှ ၁၅၃၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀ မှ ၂၅၀၀၀၊ ယခင်လထက် ကျပ် ၁၂၀၀၀ မြင့်တက်လာပြီး ပဲတီစိမ်း(ခွဲပဲ) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၁၁၅၀၀၀ မှ ၁၂၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၁၅၀၀၀ မှ ၁၂၆၀၀၀၊ ယခင်လ ကျပ် ၁၅၃၀၀၀ မှ ၁၅၈၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၃၂၀၀၀ မှ ၃၈၀၀၀ နိမ့်ကျလာသည်။

**မြင့်မြင့်လှိုင်**

# ပခုက္ကူမြို့နယ် ပဲစင်းငုံနီ စိုက်ပျိုးပြီးစီးမှုနှင့် ထွက်ရှိမှု အခြေအနေ

ပခုက္ကူမြို့နယ်တွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သော ပဲစင်းငုံနီ၊ ပဲနီ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲနောက်၊ ပဲအမျိုးမျိုး၊ နှမ်းနှင့် မြေပဲတို့ကို အဓိကစိုက်ပျိုးလျက်ရှိရာ ပခုက္ကူမြို့နယ်တွင် ပဲစင်းငုံနီကို ချောက်ကန်အုပ်စုရှိ ကျေးရွာများဖြစ်သော အရှေ့ချောက်ကန်၊ အနောက်ချောက်ကန်၊ မန်ကျည်းကိုးပင် ကျေးရွာများနှင့် အခြားကျေးရွာများတွင် စိုက်ဧက ၂၀၀၀၀ ကျော်ရှိပြီး သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ အချို့တောင်သူများမှာ နှစ်သီးစားစိုက်ပျိုးကြပြီး စိုက်ပျိုးသောမျိုးမှာ သက်လတ်မျိုးနှင့် သက်ကြီးမျိုးကို စိုက်ပျိုးကြသည်။

ပဲစင်းငုံနီကို မြေပဲ၊ ပဲနောက်ခင်းများတွင် မြောင်းများထိုး၍ စိုက်ပျိုးကြပြီး တစ်မြောင်းလျှင် ခုနစ်ပေကြား ရှစ်ပေကြား စိုက်ပျိုးကြကြောင်း၊ မျိုးစေ့တစ်ပြည်လျှင် ကျပ် ၆၉၀၀ ဖြင့်ဝယ်ယူပြီး တစ်ဧကလျှင် သုံးပြည် ကြဲပက်ကြကြောင်း၊ သက်လတ်မျိုးကို စတင်စိုက်ပျိုးချိန်မှာ နယုန်လမှစ၍ စိုက်ပျိုးပြီး နတ်တော်လဆန်းတွင် အပွင့်များ စတင်ပွင့်ပြီး ပြာသိုလတွင် အသီးများ ခူးဆွတ်ပြီး ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံနီကို စတင်စိုက်ပျိုးချိန်မှစ၍ မြေဆီအဖြစ် ကျောက်မှုန့်များ ကြဲပက်ရပြီး နွားချေးများကိုလည်း ၁၀ စီးခန့်ချရကြောင်း၊ လှည်းတစ်စီးတွင် နွားချေး ၁၅ အိတ်ခန့်ပါကြောင်း၊ ပေါင်းပင်များကိုလည်း စတင်စိုက်ပျိုးချိန်မှာ တစ်ခါနုတ်ရပြီး အသီးအပွင့်များ ထွက်ရှိချိန်တွင် တစ်ခါနုတ်ရကြောင်း၊ သက်ကြီးမျိုးကို ကဆုန်လတွင် စတင်စိုက်ပျိုးပြီး တပေါင်းလတွင် ရိတ်သိမ်းကြကြောင်း၊ လုပ်သားခအနေဖြင့် အမျိုးသမီးတစ်ဦးလျှင် ကျပ် ၅၀၀၀၊ အမျိုးသားတစ်ဦးလျှင် ကျပ် ၆၀၀၀ ဖြင့်ပေးရကြောင်း၊ စိုက်ပျိုးထွက်ရှိမှုမှာ တစ်ဧကလျှင် ၁၀ တင်းမှ ၁၅ တင်းထွက်ရှိကြောင်း သိရသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ခရိုင်တွင် မိုးမြေပဲများစိုက်ပျိုးထွက်ရှိမှု အခြေအနေ



ပြည်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးမြေပဲများ စိုက်ပျိုးလျက်ရှိရာ ပြည်မြို့နယ်တွင် စိုက်ပျိုးရန်လျာထား ၁၀၉၉၈ ဧက အနက် ၁၂၇၅၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၁၂၇၅၉ ဧက ရိတ်သိမ်း၍ ၉၀၇၁၁၆၅ တင်းထွက်ရှိခဲ့ကာ တစ်ဧကအထွက်နှုန်းအနေဖြင့် ၇၁ တင်းထွက်ရှိကြောင်း သိရသည်။ ပေါက်ခေါင်းမြို့နယ်တွင် စိုက်ပျိုးရန်လျာထား ဧကမှာ ၁၅၃၃၄ အနက် ၁၅၃၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၁၅၃၄၃ ဧက ရိတ်သိမ်း၍ ၁၀၈၄၁၃၆ တင်း ထွက်ရှိခဲ့ကာ တစ်ဧက အထွက်နှုန်းအားဖြင့် ၇၀ ဒသမ ၆၆ တင်း ထွက်ရှိကြောင်း သိရသည်။

ပန်းတောင်းမြို့နယ်တွင် စိုက်ပျိုးရန်လျာထား ၃၇၂၂ ဧကအနက် ၃၈၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၃၈၃၃ ဧက ရိတ်သိမ်း၍ ၂၆၉၂၆၈ တင်းထွက်ရှိကာ တစ်ဧက အထွက်နှုန်းအားဖြင့် ၇၀ ဒသမ ၂၅ တင်းထွက်ရှိသည်။ ရွှေတောင်မြို့နယ်တွင် စိုက်ပျိုးရန်လျာထား ၇၈၉၉ ဧကအနက် ၉၃၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ၉၃၇၃ ဧကရိတ်သိမ်း၍ ၆၃၈၂၀၈ တင်းထွက်ရှိခဲ့ကာ တစ်ဧကအထွက်နှုန်းအားဖြင့် ၆၀ ဒသမ ၀၉ တင်းထွက်ရှိသည်။ ပြည်ခရိုင်အနေဖြင့် စိုက်ပျိုးရန် လျာထား ၃၇၉၅၃ ဧကအနက် ၄၁၃၀၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၄၁၃၀၈ ဧက ရိတ်သိမ်း၍ ၂၈၉၈၇၇၇ တင်းထွက်ရှိခဲ့ကာ တစ်ဧက အထွက်နှုန်းအားဖြင့် ၇၀ ဒသမ ၁၇ တင်းထွက်ရှိသည်။

မိုးမြေပဲကို မေလနှင့် ဇွန်လတို့တွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ရိတ်သိမ်း၍ လက်ရှိ မြေပြင်၌ မိုးမြေပဲဆန် အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဈေးနှုန်းမှာ လုံးဆန်တစ်ပိဿာလျှင် ကျပ် ၆၀၀၀ နှင့် ဆီဆန် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ အထိ မြေပဲဆန် အရည်အသွေး ကောင်းမွန်မှုအပေါ် မူတည်၍ အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**အေးမျိုးရွှေ (ပြည်)**



# ပြည်ပပို့ကုန် (Export) နှင့် ထုတ်ကုန် လုံခြုံစိတ်ချရမှု မြှင့်တင်နိုင်စေရန် စံချိန်စံညွှန်းကို အခြေခံ

ငြိမ်းဝေနှင်း (ရန်ကုန်စားသုံး)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံခြားငွေကြေး တောင့်တင်းခိုင်မာမှုသည်လည်း အရေးကြီးသည့် အချက်တစ်ချက်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားငွေ တောင့်တင်းခိုင်မာရန် အလေးအနက်ထားပြီး ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ နိုင်ငံခြားငွေရှိရေးအတွက် ပြည်ပပို့ကုန် (Export) တိုးမြှင့်နိုင်ရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် နည်းလမ်းတစ်ရပ်အနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာ၌ တိုက်ရိုက်ငွေပေးချေသည့်စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ရာ အကျိုးဖြစ်ထွန်းမှုရှိကြောင်း တွေ့ရသည်။

ကုန်သွယ်မှုတွင်လည်း တစ်ဖက်မှ Border Trade ကို ဆောင်ရွက်လျက်ရှိသလို Normal Trade ကို တိုးတက်ရေးအတွက်လည်း အလေးထား ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ရန်နှင့် မြန်မာနိုင်ငံသားအားလုံးအတွက် လူနေမှုဘဝ အရည်အသွေး တိုးတက်စေရန် ရည်ရွယ်၍ စံချိန်စံညွှန်း ရေးဆွဲခြင်းကဏ္ဍတွင် ဦးဆောင်မှုပေးနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ စံချိန်စံညွှန်းကဏ္ဍကိုမြှင့်တင်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒများကို အထောက်အပံ့ပေးရေး၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှု၊ အရည်အသွေးနှင့် ဈေးကွက်ရရှိမှုကို တိုးတက်စေရေး အထောက်အပံ့ပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျန်းမာရေးနှင့် လုံခြုံစိတ်ချမှုကို မြှင့်တင်ခြင်းဖြင့် စားသုံးသူများ၏ အကျိုးစီးပွားကို အကာအကွယ် အထောက်အပံ့ပေးရေး၊ နိုင်ငံတော်၏ဝင်ငွေနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ကုန်ထုတ်လုပ်မှုနှင့် ပြည်ပပို့ကုန် မြှင့်တင်နိုင်ရေး အထောက်အပံ့ပေးရေးကို များစွာ အထောက်အကူပြုစေသည်။

ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့်လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသော မြန်မာစံချိန်စံညွှန်းချမှတ်နိုင်ရန်၊ ယင်းမြန်မာ စံချိန်စံညွှန်းများအား ထိန်းသိမ်းရန်နှင့် အဆိုပါ စံချိန်စံညွှန်းများအား ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် လုပ်ငန်းစဉ်များ အားလုံးတွင် အသုံးပြုမှုတိုးမြှင့်ရန်တို့အတွက် တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် စက်မှုလုပ်ငန်းကဏ္ဍနှင့် အခြားအသင်းအဖွဲ့များသို့ စံချိန်စံညွှန်းဆိုင်ရာ နယ်ပယ်တွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ကြီး၏ ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများနှင့် သက်ဆိုင်သော အမျိုးသားအဆင့် စုံစမ်းရေးဌာနအနေဖြင့် ဆောင်ရွက်ခြင်းနှင့် မြန်မာစံချိန်စံညွှန်းများ စဉ်ဆက်မပြတ် ဖော်ထုတ်နိုင်ရေးအတွက် အချက်အလက်များ စုဆောင်းခြင်းနှင့် သုတေသနလုပ်ငန်းများ ပြုလုပ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စံချိန်စံညွှန်းဆိုသည်မှာ နယ်ပယ်တစ်ခုတွင်ရှိသော သက်ဆိုင်ရာ ကဏ္ဍတစ်ခု၌ အနိမ့်ဆုံး သတ်မှတ်ချက် ပြည့်မီစေရန် ရည်ရွယ်၍ စံချိန်စံညွှန်းဆိုင်ရာ သက်ဆိုင်သည့် လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများက အများသဘောတူညီချက်ကိုအခြေခံ၍ ပြုစုရေးဆွဲ အတည်ပြုထားသည့် ယေဘုယျနှင့် အကြိမ်ကြိမ် အသုံးချနိုင်သော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များ၊ ဆောင်ရွက်မှု သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အကျိုးဆက်များကို ဖွင့်ဆိုရှင်းပြသည့် သတ်မှတ်ချက်များကိုဆိုသည်။

စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်မည့် ကိစ္စတစ်ခုတွင် ထုတ်လုပ်သူများနှင့် စားသုံးသူများ၏ အကျိုးအတွက် လက်တွေ့အသုံးဝင်မှု အခြေအနေနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး စီးပွားရေးတိုးတက်မြင့်မားစေရန် သက်ဆိုင်ရာ ကျွမ်းကျင်သူများ စုပေါင်းပါဝင်၍ စံချိန်စံညွှန်း ရေးဆွဲသတ်မှတ်သည့် ဆောင်ရွက်မှုလုပ်ငန်းများကို ဆိုသည်။

မြန်မာနိုင်ငံ စံချိန်စံညွှန်းဆိုသည်မှာ အမျိုးသားစံချိန်စံညွှန်းကောင်စီက သတ်မှတ်သော အမျိုးသား စံချိန်စံညွှန်းကို ဆိုလိုသည်။ ပြည်ပနိုင်ငံ စံချိန်စံညွှန်းဆိုသည်မှာ ပြည်ပနိုင်ငံ တစ်ခုခုတွင် ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းက သတ်မှတ်သော ယင်းနိုင်ငံ၏ အမျိုးသားစံချိန်စံညွှန်းကိုဆိုသည်။

စံချိန်စံညွှန်းသတ်မှတ်ခြင်းကို အောက်ပါအချက် ၇ ချက်ဖြင့် ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ -

(က) ပြည်တွင်းစက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ယင်းတို့၏ ထုတ်ကုန်များ၊ ထုတ်လုပ်မှု နည်းစဉ်များနှင့် ဝန်ဆောင်မှု လုပ်ငန်းများ၏ အရည်အသွေးကို မြင့်မားစေပြီး ပြည်ပပို့ကုန်မြှင့်တင်နိုင်သော စံချိန်စံညွှန်းများကို ဦးစားပေးနယ်ပယ်အလိုက် ဖော်ထုတ်ချမှတ်သွားရန်၊

(ခ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အထောက်အကူပြုသော စံချိန်စံညွှန်းများ ဖော်ထုတ်ချမှတ်နိုင်ရန်၊

(ဂ) ပြည်သူများ၏ ကျန်းမာရေး၊ အစားအသောက် ဘေးကင်း လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတို့အတွက် မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းများ သတ်မှတ်ရန်၊

(ဃ) ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အရည်အသွေး ကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များ၏ စမ်းသပ်ခြင်းရလဒ်များ၊ စစ်ဆေးခြင်း အစီရင်ခံစာများ၊ ထောက်ခံချက်လက်မှတ်များအား နိုင်ငံတကာမှလက်ခံစေရန်အတွက် အသိအမှတ်ပြုခြင်း ဝန်ဆောင်မှုပေးနိုင်ရန်၊

(င) အမျိုးသားအဆင့် တိကျစွာတိုင်းတာရေး မူရင်းစံများကို ထိန်းသိမ်း၍ အပြည်ပြည်ဆိုင်ရာယူနစ်များနှင့် ကွင်းဆက်မပြတ် စံဖြင့် တိုက်ကြည့်ခြင်းဆိုင်ရာ တိုင်းတာမှုများကို ဆောင်ရွက်ရန်၊

(စ) စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဓာတ်ခွဲခန်းများနှင့် အခြားသော တိုင်းတာရေးကိရိယာ အသုံးပြုသူများအတွက် စံဖြင့်တိုက်ကြည့် စစ်ဆေးခြင်း ဝန်ဆောင်မှုပေးနိုင်ရန်၊

**စာမျက်နှာ ၇ သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၅.၁၂.၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | MT ROYAL-79 | P.Oil(In Bulk)၅၀၀၀ တန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | SITC CHANGMING | ကုန်သေတ္တာ ၆၀၀ တင် ၆၅၅ ချ |
| | CONTRIVIA | ကုန်သေတ္တာ ၇၃၂ တင် ၆၄၆ ချ(ပူးတွဲလုပ်ဆောင်) |
| | UNI ACTIVE | ကုန်သေတ္တာ ၆၁၅ တင် ၅၁၀ချ |
| | ISEACO WISDOM | ကုန်သေတ္တာ ၇၉၉ တင် ၉၀၅ ချ |
| | MSC SUPARNA F | ကုန်သေတ္တာ ၃၈၄ တင် ၁၂၃ ချ(ပူးတွဲလုပ်ဆောင်) |
| | PETKUM | ကုန်သေတ္တာ ၆၉၀ တင် ၅၆၇ ချ(ပူးတွဲလုပ်ဆောင်) |
| YIGTL ဆိပ်ကမ်း | PRINCESS MARIA | Urea တန်ချိန် ၂၀၀၀၀ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | T12 APPLE | ကုန်သေတ္တာ ၂၉၄ တင် ၃၄၆ ချဆဲ |
| | TORREST STRAIT | ကုန်သေတ္တာ၇၇၀ တင် ဂ၁၃ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သူူးလေဆိပ်ကမ်းအမှတ်(၅) | CHANG LONG | ဆန်တန်ချိန် ၁၁၀၀၀ တန်တင်ဆဲ |
| | VTC OCEAN | ဆန်တန်ချိန် ၂၀၀၀၀ တန်တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | LONG TAN-88 | ဆန်တန်ချိန် ၅၀၀၀ တန်တင်ဆဲ |
| Myanmar Integraded Port Limited | ZHE HAI-363 | Steel&Equipment ၁ဂဂ၂၀ တန် ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | PETKUM | ကုန်သေတ္တာ ၁၇တင် ၁၆၀ ချရန်ရှိ(ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | TROPICAL STAR | Urea ၂၄ဂဂ၃ တန် ချဆဲ |
| | MT.VL-21 | P.Oil(In Bulk)၃၉၀၀ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါ IBTT ဆိပ်ကမ်း | ITALIDA | Soy Bean Meal ၂၃၇၆၀ တန် ချဆဲ |
| Myanmar Kong Hua ဆိပ်ခံတံတား | ACHILLEUS | Urea တန်ချိန် ၂၀၀၀၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| VTC OCEAN | Rice(50kg-Bags) ၂၀၀၀၀ တန်တင်ရန် | INDONESIA | ၁၆.၁၂.၂၀၂၃ |
| PRINCESS MARIA | Urea တန်ချိန် ၂၀၀၀၀ တန်ချရန် | OMAN | ၁၇.၁၂.၂၀၂၃ |
| JING CHANG | Steel ၁၀၄၀၀ တန်ချရန် | MALAYSIA | ၁ဂ.၁၂.၂၀၂၃ |
| TOYO WORLD | Steel&Equipment ၁၄၀၉၇ တန်ချရန် | CHINA | ၂၄.၁၂.၂၀၂၃ |
| SUN NOBLE | Steel Coils ၄၁၅ဂ တန်ချရန် | TAIWAN | ၂၄.၁၂.၂၀၂၃ |
| MERCURY | Urea(In Bulk) ၂၀၂၆၀ တန်ချရန် | OMAN | ၂၇.၁၂.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁၂.၂၀၂၃ |
| PETKUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၇.၁၂.၂၀၂၃ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| SITC CHANGMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| NEGAR | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| SITC CHANGMING | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| SINAR BAJO | SINGAPORE | စက်မှုဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| KOTA RUKUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁ဂ.၁၂.၂၀၂၃ |
| SINAR BANDA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၁၂.၂၀၂၃ |

## ၃၀-၁၁-၂၀၂၃ မှ ၁၃-၁၂-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 593 | 4 | - | - | - | 597 |
| | Form AANZ | 18 | - | - | - | - | 18 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 351 | 3 | - | - | - | 354 |
| | Form AJ | 30 | - | - | - | - | 30 |
| | Form AK | 208 | 3 | - | - | - | 211 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 11 | - | - | - | - | 11 |
| | Form E | 545 | 6 | - | - | - | 554 |
| | Form Korea | 20 | 1 | - | - | 1 | 22 |
| | E Form D | 363 | - | - | - | - | 363 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 2141 | 17 | - | - | 1 | 2159 |

# ပြည်မုန်ညင်းနှင့် ကျောက်ဖရုံသီးဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကျေးရွာများဖြစ်သော မော်ဇာ၊ တောင်လုံးညို၊ ရှမ်းစု၊ ဇီးဖြူကုန်း စသည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးပြီး ဒေသနှင့်ကိုက်ညီသည့် ရာသီစာ မုန်ညင်းများ စိုက်ပျိုးရောင်းချခြင်းဖြင့် နှစ်စဉ်ဝင်ငွေများရရှိလျက်ရှိကြောင်း သိရသည်။

တောင်လုံးညိုကျေးရွာတွင် ယိုးဒယားမျိုး မုန်ညင်းအမျိုးအစားများ စိုက်ပျိုးကြသည်။ အဖူးမုန်ညင်း၊ အပင်မုန်ညင်းဟူ၍ နှစ်မျိုးရှိပြီး အစေ့ထုပ်များကို ဝယ်ယူ၍ စိုက်ပျိုးကြောင်း တောင်သူဦးခင်မောင်လင်းထံမှ သိရသည်။ မုန်ညင်းမျိုးစေ့ တစ်ထုပ်လျှင် ကျပ် ၂၅၀၀-၃၀၀၀ ရှိကြောင်း၊ မျိုးစေ့တစ်ထုပ်လျှင် အပင်ပေါက် ၁၀၀၀ ကျော်ရရှိပြီး မုန်ညင်းပင်သည် အအေးကြိုက်သော အပင်မျိုးဖြစ်သောကြောင့် အအေးဒဏ်ကို ခံနိုင်ရည်ရှိသည်။ အစိုဓာတ် လုံလုံလောက်လောက်ရရှိရန်လိုအပ်ပြီး မုန်ညင်းကို မေလမှ ဒီဇင်ဘာလအထိ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ပြည်မြို့နယ်အတွင်းရှိ ဈေးများအပြင် ရန်ကုန်သို့လည်း တင်ပို့ပြီး ဒေသထွက်ရာသီစာ လက်ဆောင်အဖြစ် ဝယ်ယူကြသကဲ့သို့ မုန်ညင်းဖူးများကို ပေါင်း၍ မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်ရောင်းချမှုများလည်းရှိသည်။ ဈေးနှုန်းများအနေဖြင့် မုန်ညင်းဖူး အသေးစည်းလေးငါးစည်းဖူး တစ်စည်းလျှင် ကျပ် ၅၀၀ ဖြင့် ရောင်းချပြီး ရာသီစာ မုန်ညင်းဖူးများကို စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုနှစ်စဉ် ဝင်ငွေရရှိကာ စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိလျက်ရှိကြောင်း သိရသည်။

ပြည်ဈေးကွက်တွင် ကျောက်ဖရုံသီးများ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပြည်ဒေသအနီး ကျေးရွာများ၊ သဲကုန်းမြို့နယ်ရှိ ပုတီးကုန်း၊ ဝက်ပုတ်နှင့်ရွှေတောင်မြို့ရှိ ကျေးရွာများမှ တင်ပို့ရောင်းချလျက်ရှိသည်။ ရန်ကုန်မြို့ရှိတညင်းကုန်းဈေးနှင့် သီရိမင်္ဂလာဈေးများသို့ အခြား ကုန်စိမ်းများနှင့်အတူ တင်ပို့ရောင်းချကြကြောင်း သိရပြီး ကျောက်ဖရုံသီးဈေးမှာ ပေါ်ကာစအချိန်တွင် အလုံးကြီးတစ်လုံးလျှင် ကျပ် ၂၀၀၀ နှင့် အလုံးသေး တစ်လုံးလျှင် ကျပ် ၁၀၀၀ ဖြင့် ရောင်းချပြီး ယခုလှိုင်လှိုင်ပေါ်ချိန်တွင် ကျောက်ဖရုံသီးတစ်လုံးလျှင် ကျပ် ၆၀၀-၇၀၀ နှင့် အလုံးသေး တစ်လုံးလျှင် ကျပ် ၄၀၀-၅၀၀ ခန့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**ယဉ်သိမ့်နွေး၊ သင်းသင်းအောင်(ပြည်)**



# ကရင်ပြည်နယ်ဒေသထွက် ပဲထောပတ်(ခ)ပဲဖြူပြား ဈေးကွက်

ကရင်ပြည်နယ်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိသည်။ စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သောပဲထောပတ်များကိုလည်း မိသားစုအပိုဝင်ငွေ ရရှိရေးအတွက် သီးထပ်၊ သီးညှပ်အဖြစ် စိုက်ပျိုးကြပြီး မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးသူများရှိသလို စီးပွားဖြစ်ဧကအလိုက် စိုက်ပျိုးလာကြသူများလည်းရှိသည်။ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲထောပတ် ၇၄၆၄ ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရှိရသည်။ ကရင်ပြည်နယ်တွင် ပဲထောပတ်ကို မကျီးကျွန်း၊ ဖားနွဲ့ကျွန်း၊ မုတ္တဒိ၊ တောင်ကြား ကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြပြီး တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ လုပ်သားခ၊ အပါအဝင် စုစုပေါင်း ကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း သိရှိရသည်။

ဒေသခံ ပြည်သူများအနေဖြင့် ထွက်ရှိလာသော ပဲဖြူပြား(ခ)ပဲထောပတ်ကို ဘားအံမြို့ပေါ်ရှိ ဈေးများတွင် လာရောက် ရောင်းချကြပြီး ပေါ်ဦးပေါ်ဖျား ယခုအချိန်တွင် ပဲဖြူပြား တစ်ဘူးလျှင် ကျပ် ၁၀၀၀၊ တစ်ပြည်လျှင် ကျပ် ၇၀၀၀ ဖြင့် ဈေးကောင်းရ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပဲထောပတ်တွင် မဂ္ဂနိစ်၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်တို့ ကြွယ်ဝစွာပါဝင်ပြီး အရိုးများကို ကြံ့ခိုင်သန်စွမ်းစေနိုင်ကာ အရိုးသိပ်သည်းဆကိုလည်း ကောင်းစေသည်။ အရိုးပါးခြင်း၊ အရိုးပွခြင်းများမှလည်း ကာကွယ်ပေးသည်။ အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် အူနံရံကို ရေဓာတ်နှင့် အာဟာရဓာတ်များ စုပ်ယူမှုကောင်းစေပြီး ဆီးချိုရှိသူများလည်း စားသုံးရန် သင့်တော်သည်။ အစာခြေစနစ်အတွက် အရေးပါသော သတ္တုဓာတ်တစ်မျိုးဖြစ်သည့် ပိုတက်ဆီယမ် ကြွယ်ဝစွာပါဝင်ပြီး အစာခြေစနစ်ကို ကျန်းမာစေသလို နှလုံးကိုလည်း ကျန်းမာစေနိုင်သည်။ ပဲထောပတ် စားသုံးခြင်းသည် ကျန်းမာရေးကောင်းကျိုးများစွာ ရရှိနိုင်ပြီး နူးညံ့၍ အရသာ ကောင်းမွန်သောကြောင့် ပြည်တွင်းစားသုံးမှုနှင့် လူကြိုက်များသော ပဲအမျိုးအစား ဖြစ်ကြောင်း သိရသည်။

**ZAR (DOCA-Kayin)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၁၃-၁၂-၂၀၂၃ မှ ၁၂-၁၉-၂၀၂၃) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 570 - 575 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 535 - 545 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 580 - 590 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 570 - 580 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 560 - 570 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 550 - 560 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 570 - 575 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 555 - 565 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 545 - 550 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 570 - 590 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 560 - 570 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 555 - 560 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 540 - 550 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 580 - 590 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 550 - 560 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 630 - 640 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 620 - 630 | |
| 24 | A-1 , 2 (Sortexed) | 440 - 450 | |
| 25 | B-1 , 2 (Sortexed) | 430 - 440 | |
| 26 | B-1,2 (Non-Sortexed) | 415 - 425 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၁၂-၂၀၂၃) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| မန္တလေး | ၁၅၀၀၀ | ၁၂၀၀၀ | ↓ | ၁၃၅၀၀ | ၁၂၅၀၀ | ↓ | ၅၆၀၀ | ၅၆၅၀ | ↑ |
| ပဲခူး | ၁၅၅၀၀ | ၁၅၀၀၀ | ↓ | ၁၅၅၀၀ | ၁၅၀၀၀ | ↓ | ၅၅၀၀ | ၅၅၀၀ | - |
| မကွေး | ၁၂၅၀၀ | ၁၂၅၀၀ | - | ၁၃၀၀၀ | ၁၃၀၀၀ | - | ၅၅၀၀ | ၅၅၀၀ | - |
| ပြည် | ၁၃၅၀၀ | ၁၃၀၀၀ | ↓ | ၁၂၀၀၀ | ၁၂၀၀၀ | - | ၅၇၀၀ | ၅၇၀၀ | - |
| စစ်တွေ | ၂၀၀၀၀ | ၂၀၀၀၀ | - | | | | ၅၄၀၀ | ၅၄၀၀ | - |
| နေပြည်တော် | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၄၀၀၀ | ၁၄၀၀၀ | - | ၅၄၀၀ | ၅၄၀၀ | - |

**စာမျက်နှာ ၆ မှအဆက်**

(ဆ) ဥပဒေအရတိကျစွာ တိုင်းတာခြင်း နည်းပညာဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများ၏ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများတွင် အသုံးပြုသောတိုင်းတာရေး စံကိရိယာများကို ကွင်းဆက်မပြတ် စံဖြင့်တိုက်ကြည့်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရန်တို့ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လူသုံးကုန်ပစ္စည်း၏ ထုတ်ကုန်ဘေးကင်းလုံခြုံရေးအတွက် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ (အစားအစာ၊ ဆေးဝါး၊ အလှကုန်၊ ဆေးဖက်ဆိုင်ရာကိရိယာ၊ အိမ်တွင်းထုတ်ကုန်) စက်မှုပစ္စည်းများ၏ ထုတ်ကုန်ဘေးကင်းလုံခြုံ စိတ်ချမှုများအတွက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၌ ထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းများ ကြီးကြပ်ရေး၊ အပင်ပိုးမွှားကာကွယ်ရေးနှင့် သွင်းကုန်ပစ္စည်းများအတွက် ထောက်ခံချက် လက်မှတ် နိုင်ငံတော်အဆင့်မီ စီမံခန့်ခွဲမှု၊ နိုင်ငံတကာ အပင်ပိုးမွှားကာကွယ်မှုအတွက် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (လှည်းကူး) Commodity Testing and Quality Testing and Quality Management Center မှ စားသုံးသူများ လုံခြုံစိတ်ချရမှုအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများသည် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ထုတ်ကုန်ဘေးကင်းလုံခြုံမှုနှင့် မိမိ၏ ထုတ်ကုန်ဘေးကင်းစေရန် တာဝန်ယူမှုကို အပြည့်အဝ သတိပြုမိရေး ပညာပေး ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ချမှတ်ထားသော စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့် စည်းမျဉ်းအတိုင်း လိုက်နာရန်လည်း ဆောင်ရွက်လျက်ပေးလျက်ရှိသည်။ ပြည်ပပို့ကုန် ( Export) တိုးမြှင့်နိုင်ရန် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုကို မြှင့်တင်နိုင်စေရန် အတွက် သက်ဆိုင်ရာအစိုးရ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်း အသီးသီးသည် ထုတ်ကုန်ဘေးကင်းလုံခြုံမှုနှင့် ထုတ်ကုန်တာဝန်ယူမှု အစီအမံများနှင့် စံချိန်စံညွှန်း၏ အခြေခံအချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။



# ကမ္ဘာ့ စီးပွားရေး အင်အားကြီးအုပ်စု ဖြစ်လာနိုင်သည့် ထွန်းသစ်စ ဈေးကွက်နိုင်ငံများအဖွဲ့

**သိန်းမြင့်ဝေ**

BRICS ဆိုသည်မှာ ဘရာဇီး (Brazil)၊ ရုရှား (Russia)၊ အိန္ဒိယ (India)၊ တရုတ် (China) နှင့် တောင်အာဖရိက (South Africa) နိုင်ငံများ အကျိုးတူပူးပေါင်းထားသည့် နိုင်ငံတကာ စီးပွားရေး အဖွဲ့အစည်းတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် BRICS (ဘရစ်) ကို စီးပွားရေးထွန်းသစ်စ ဈေးကွက်အုပ်စု (Emerging-markets bloc) ဟူ၍လည်းကောင်း၊ ထွန်းသစ်စနိုင်ငံများ၏ စီးပွားရေးမဟာမိတ်အဖွဲ့ (BRICS Economic Alliance) ဟူ၍လည်းကောင်း ခေါ်ဆိုသည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံဘဏ်နှင့် ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီတစ်ခုဖြစ်သော Goldman Sachs ၏ စီးပွားရေးပညာရှင် ဂျင်အိုနီးရယ် (Jim O'Neil) က ၂၀၀၁ ခုနှစ်တွင် "BRIC" ဟူသော ဝေါဟာရကို စတင် ခေါ်ဝေါ်သုံးစွဲခဲ့သည်။ ထိုအချိန်ကတည်းကပင် စီးပွားရေးပညာရှင် ဂျင်အိုနီးရယ်က စီးပွားရေးထွန်းသစ်စ လေးနိုင်ငံ (Four BRIC economies) သည် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးကို ကြီးစိုးလိမ့်မည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တောင်အာဖရိကနိုင်ငံ ပူးပေါင်းပါဝင်လာသောကြောင့် ထွန်းသစ်စ ဈေးကွက်နိုင်ငံ ငါးနိုင်ငံ ("BRICS") ဖြစ်လာခဲ့သည်။ BRICS အဖွဲ့ဝင်နိုင်ငံသည် စီးပွားရေးလုပ်ငန်းအတွက် နိုင်ငံခြားဈေးကွက် ပိုမိုရရှိစေပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (Institutional investors) အတွက် အကျိုးအမြတ် သိသိသာသာဖြစ်ထွန်းစေသည်။ Institutional investor ဆိုသည်မှာ အခြားသူကိုယ်စား ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပေးသော အဖွဲ့အစည်း/ကုမ္ပဏီကို ဆိုလိုသည်။ ဥပမာအားဖြင့် Institutional investors အဖြစ် ပင်စင်ကုမ္ပဏီ (Pension Funds)၊ အကျိုးတူ ရန်ပုံငွေအဖွဲ့ (Mutual Funds)၊ အာမခံကုမ္ပဏီ (Insurance companies) နှင့် ရင်းနှီးမြှုပ်နှံမှုဘဏ် (Investment banks) စသည်တို့ကို တွေ့မြင်နိုင်သည်။

## &nf;Gf;uf;ESf;zpf;ay;wpf;vufI

BRICS သည် ကမ္ဘာ့စီးပွားရေးတိုးတက်မှု အမြန်ဆန်ဆုံးသော ထွန်းသစ်စ ဈေးကွက်များ စုစည်းထားသည့် နိုင်ငံစုံ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထိုကဲ့သို့ နှစ်ပေါင်းများစွာ စီးပွားရေးတိုးတက်မှု မြန်ဆန်ရခြင်းမှာ အဆိုပါနိုင်ငံများ၌ လုပ်သားစရိတ် နိမ့်ကျခြင်း (Low labor costs)၊ လူဦးရေအချိုးအစားကောင်းမွန်ခြင်း (Favorable demographics) နှင့် သဘာဝသယံဇာတ ပေါများခြင်း (Abundant natural resources) တို့ကြောင့်ဖြစ်သည်။ BRICS သည် နိုင်ငံရေးမဟာမိတ်အဖွဲ့ သို့မဟုတ် ပုံမှန်ကုန်သွယ်ရေး အဖွဲ့အသွင် မဆောင်ဘဲ ကမ္ဘာ့စီးပွားရေးအင်အားကြီးမားသောအဖွဲ့ (Powerful economic bloc) အဖြစ်ရောက်ရှိရန် အလားအလာကောင်းများ တွေ့မြင်နေရသည်။

စီးပွားရေးအင်အားကြီးမားခြင်းက နိုင်ငံရေးအင်အားကြီးထွားစေသည်ဟူသော ဆက်နွယ်ချက်ရှိသည်။ BRICS အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် ထိပ်သီးအစည်းအဝေး အတူတကွကျင်းပပြီး ပုံမှန်တက်ရောက်နေကြသည်။ ထိုသို့ အစည်းအဝေးကျင်းပခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများကြား အပြန်အလှန်ကောင်းကျိုးဖြစ်ထွန်းရန် လုပ်ဆောင်လေ့ရှိသည်။

BRICS ၏ ရည်ရွယ်ချက်မှာ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှု တိုးတက်စေရန်ဖြစ်သည်။ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှု ကျယ်ကျယ်ပြန့်ပြန့် နက်နက်နဲနဲ တိုးမြှင့်ရန်ဖြစ်သည်။ ထိုကဲ့သို့ ပူးပေါင်းခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံတိုင်းအတွက် ကောင်းမွန်မျှတပြီး ရေရှည်ခံသည့် စီးပွားရေးတိုးတက်မှု မြှင့်တင်ရန် ရည်ရွယ်သည်။ ထို့ကြောင့် BRICS သည် အဖွဲ့ဝင် နိုင်ငံအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေး (Growth and development)ကို ထည့်သွင်းစဉ်းစားကြောင်း တွေ့ရှိရသည်။

BRICS သည် ၂၁ ရာစုနှစ်အတွင်း စီးပွားရေးအင်အားကြီးမားသော ထွန်းသစ်စဈေးကွက် မဟာမိတ်အဖွဲ့အဖြစ် ပေါ်ထွန်းလာခဲ့သည်။ ဤမဟာမိတ်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို အထောက်အကူပြုသော အုပ်စုအဖြစ် သိသိသာသာ တိုးတက်နေသည်။ ယခု ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ကမ္ဘာ့စုစုပေါင်းဝင်ငွေ (Global GDP) ၌ BRICS ၏ ပါဝင်မှုသည် G7 ၏ ပါဝင်မှုထက် ပိုမိုများပြားခဲ့သည်။ Group of Seven ဟူသော G7 သည် ကမ္ဘာ့စီးပွားရေး အတိုးတက်ဆုံးနိုင်ငံ ခုနစ်နိုင်ငံကို ရည်ညွှန်းပါသည်။ BRICS သည် ကမ္ဘာတစ်ဝန်း စီးပွားရေး လုပ်ဆောင်ချက်အားလုံး၏ သုံးပုံတစ်ပုံနီးပါး ဆောင်ရွက်နေသည်။ ထို့ကြောင့် BRICS သည် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၌ G7 ၏ ပါဝင်မှုထက် ပိုမိုသာလွန်ခဲ့ခြင်းဖြစ်သည်။

## pDyG;qufqHk; tpDp0f

အဖွဲ့ဝင်နိုင်ငံများကြား စီးပွားဆက်ဆံရေး (Economic relationships) အတွက် အစီအစဉ်သုံးခု အကောင်အထည်ဖော်လျက်ရှိသည်။ ပထမအစီအစဉ်မှာ ဘရစ်စီးပွားရေးလုပ်ငန်း ကောင်စီ (BRICS Business Council) ဖန်တီးခြင်းဖြစ်သည်။ ဒုတိယအချက်မှာ အရေးပေါ် အရန်ငွေကြေး သဘောတူညီချက် (Contingent Reserve Agreement-CRA) ထားရှိခြင်းဖြစ်သည်။ တတိယ အစီအစဉ်မှာ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်သစ် (New Development Bank-NDB) တည်ထောင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ရုံးချုပ်တည်ရှိသော NDB သည်ဘရစ်အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် အရင်းအနှီး စုစည်းထုတ်ပေးသည့် အရေးပါသော ဘဏ်တစ်ခုဖြစ်သည်။ အရေးပေါ် အရန်ငွေကြေးသဘောတူညီချက် (CRA) သည် အဖွဲ့ဝင်နိုင်ငံ၏ ကာလတို ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။ ထို့ပြင် CRA သည် ဘဏ္ဍာရေးတည်ငြိမ်မှု တိုးတက်စေပြီး ပြည်ပငွေပေးငွေယူရှင်းတမ်း အကျပ်အတည်း (Balance-of-payment crises) ပြေလည်စေသည်။

## &ifqdkifae&aom pdefac:rIrsm;

ထွန်းသစ်စဈေးကွက်နိုင်ငံများအဖွဲ့ အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှု သုံးခုရှိသည်။ ၎င်းတို့မှာ နိုင်ငံရေးနှင့် စီးပွားရေး မတည်ငြိမ်မှု၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးအပေါ် သဘောထားကွဲလွဲမှုအပြင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား နယ်နိမိတ် အငြင်းပွားမှုတို့ဖြစ်သည်။ အဆိုပါ အတွင်းပိုင်းစိန်ခေါ်မှုများ (Internal challenge)က အဖွဲ့၏ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် အခက်အခဲဖြစ်စေသည်။ ထို့ပြင် အပြင်ပိုင်း စိန်ခေါ်မှုများ (Exog amous factors) ဖြစ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းခြင်းနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းခြင်းတို့က အဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်စေသည်။

အဆိုပါ စိန်ခေါ်မှုများကို ရှင်းမရနိုင်လောက်သည့် ပြဿနာအဖြစ် ရှုမြင်သူများလည်းရှိသည်။ ထိုကဲ့သို့ ရှုမြင်သူများက ထွန်းသစ်စ ဈေးကွက်အုပ်စု၏ တိုးတက်အောင်မြင်မှုအပေါ် သံသယ ဝင်နေကြသည်။ ထို့အတွက် ယခု ၂၀၂၃ ခုနှစ်တွင် ကျင်းပသည့် ထိပ်သီးအစည်းအဝေးက အဆိုပါသံသယကို ချေဖျက်နိုင်လိမ့်မည်ဟူ၍ အဖွဲ့ဝင်နိုင်ငံများက မျှော်လင့်ထားသည်။

## 2023 cESpf xdyfoD;tpnf;ta0;

(၁၅) ကြိမ်မြောက် ဘရစ်ထိပ်သီးအစည်းအဝေး (15th BRICS Summit 2023) ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၂ ရက်နေ့မှ ၂၄ ရက်ထိ တောင်အာဖရိကနိုင်ငံ ဂေါက်တန်ခရိုင်(Gauteng)၊ ဂျိုဟံနက်စ်ဘတ်မြို့ (Johannesburg) ၌ ကျင်းပခဲ့သည်။ အစည်းအဝေး၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး (Global governance reform) စသည်တို့ကို ဆွေးနွေးခဲ့သည်။ ထို့ပြင် အစည်းအဝေး၌ အငြင်းပွားဖွယ် ကိစ္စရပ်တစ်ခု ဖြစ်သော ရွှေကိုကျောထောက်နောက်ခံထားသည့် ဘရစ်ငွေကြေးသစ် (Gold-backed currency) အကြောင်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ဤကဲ့သို့ ငွေကြေးသစ်အသုံးပြုရန် လုပ်ဆောင်ရခြင်းမှာ အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားနေရခြင်းကို လျှော့ချရန် ရည်ရွယ်သည်။ ငွေကြေးသစ်သုံးစွဲမည့် အစီအစဉ်သည် ကမ္ဘာ့စီးပွားရေး၌ ထိပ်ဆုံးသို့ ရောက်ရှိမည့် BRICS ၏ နေရာကို ခိုင်မာစေနိုင်ကြောင်း ပညာရှင်နှင့် ကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားသည်။ သို့သော်လည်း ဘရစ်ငွေကြေး အသုံးပြုသည့်ကိစ္စသည် ဘရစ်အုပ်စုအတွင်း ဖြစ်ပွားနေသော စီးပွားရေးပြဿနာကို တုံ့ပြန်သော အစီအမံတစ်ခုသာဖြစ်ကြောင်း အခြားသူများက တွေးထင်ကြသည်။ မည်သို့ပင်ဆိုစေကာမူ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးနှင့် သံတမန်ရေး အားနည်းနေသည်ဟု ယူဆရချိန်တွင် BRICS ၏ ငွေကြေးသစ်သုံးစွဲမည့် အစီအစဉ်ကြေညာချက်သည် အချိန်ကိုက်ဖြစ်ကြောင်း တွေ့ရှိရသည်။

## aiGu;opf;o;kpGJ&; tpDp0frsm;

တရုတ်၊ ရုရှားနှင့် ဘရာဇီးနိုင်ငံတို့သည် နယ်စပ်ဖြတ်ကျော်အရောင်းအဝယ်ပြုလုပ်ရာတွင် အမေရိကန်ဒေါ်လာ မဟုတ်သောငွေကြေးများ (Non-dollar currencies) ပိုမိုအသုံးပြုလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်ဒေါ်လာ အသုံးပြုမှု သိသိသာသာ ကျဆင်းလာစေသည်။ ယူကရိန်း-ရုရှား ပဋိပက္ခကြောင့် အနောက်နိုင်ငံများက ရုရှားနိုင်ငံအပေါ် စီးပွားရေးနှင့် ငွေကြေးပိတ်ဆို့မှုများ (Sanctions) ချမှတ်ခဲ့သည်။ အဆိုပါ ပိတ်ဆို့မှုများကလည်း ဘရစ်ငွေကြေးသစ်သုံးစွဲရန် ပိုမိုတွန်းအားပေးရာရောက်ခဲ့သည်။ BRICS နိုင်ငံများသည် ဘရစ်ခရစ်တိုငွေကြေး (BRICS crypto currency) အသုံးပြုရန်အတွက် ဖြစ်နိုင်ခြေလေ့လာမှုများ လုပ်ဆောင်နေသည်။ ထို့ပြင် ငွေကြေးဖလှယ်နိုင်စွမ်းရှိခြင်းနှင့် စီးပွားရေး ပေါင်းစည်းခြင်းအတွက် ဗဟိုဘဏ် ဒီဂျစ်တယ်ငွေကြေးများ(Central Bank Digital Currencies) မဟာဗျူဟာမြောက် ပေါင်းစည်းရေးကိုလည်း စီစဉ်နေသည်။

ငွေကြေးသစ် (New BRICS Currency) သုံးစွဲရေးအတွက် ကျယ်ပြန့်သော ဆွေးနွေးညှိနှိုင်းမှု၊ ငွေကြေးလဲလှယ်နှုန်း ယန္တရားတည်ဆောက်ခြင်း၊ ငွေကြေးပေးချေမှုစနစ်နှင့် ဘဏ္ဍာရေးဈေးကွက်စည်းမျဉ်းရေးဆွဲခြင်း စသည်တို့လိုအပ်သည်။ သို့သော်လည်း ထွန်းသစ်စ ဈေးကွက်နိုင်ငံများအဖွဲ့သည် ငွေကြေးသစ် စတင်သုံးစွဲခြင်းမပြုမီ နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်မှုအတွက် ထိရောက်သော အလိုအလျောက် ငွေကြေးပေးချေမှုစနစ် (Integrated payment system) စတင် အသုံးပြုနိုင်သည်။

**Source: impakter.com; middleeastmonitor.com**

# နိုဝင်ဘာလအတွင်း ဓာတ်မြေသြဇာနှင့် ဘိလပ်မြေ တင်သွင်းမှု အခြေအနေ

**ဓာတ်မြေသြဇာ**

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၀၁ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၆၅၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် အိုမန်နိုင်ငံမှ တန်ချိန် ၂၅၀၀၀ ခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၄၀၀၀ခန့်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၄၂၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၃၅၀၀ ခန့်၊ ရုရှားနိုင်ငံမှ တန်ချိန် ၂၀၀၀ ကျော်၊ ဘီလာရုစ်နိုင်ငံမှ တန်ချိန် ၁၅၀၀ကျော်၊ လာအိုနိုင်ငံမှ တန်ချိန် ၁၅၀၀ကျော်၊ ဉဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၁၂၀၀ ကျော်၊ ဆော်ဒီအာရေဗျနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၂၀၀ ကျော်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၅၀ကျော်၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၃၀ ကျော်၊ မက္ကဆီကိုနိုင်ငံမှ တန်ချိန် ၃၀ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေသြဇာတန်ချိန် ၁၀၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၈၃ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၉၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၈၀၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဓာတ်မြေသြဇာတန်ချိန် ၃၅၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်းသိ ရသည်။

**ဘိလပ်မြေ**

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၆ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၅၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် မလေးရှားနိုင်ငံမှ တန်ချိန် ၂၅၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၅၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်မှ နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၁၅ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၅၅၀၀ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၁၈၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# နိုဝင်ဘာလအတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

**နို့ဆီ**

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ၆၅၄ သန်းတန်ဖိုးရှိ နို့ဆီတန်ချိန် ၇၀၀ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့ဆီတန်ချိန် ၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**နို့မှုန့်**

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃၈ သန်း တန်ဖိုးရှိ နို့မှုန့်တန်ချိန် ၁၀၀၀ ကျော် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့မှုန့်တန်ချိန် ၆၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**ဆေးဝါးပစ္စည်းများ**

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅၈၃ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၇၀၀ ကျော် တင်သွင်းခဲ့သည်။

ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၂၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၁၁.၁၂.၂၀၂၃)ရက်နေ့မှ (၁၇.၁၂.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 917 |
| ပျမ်းမျှငွေလဲနှုန်း | 2773 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 3,178,551 | 5.19 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ပျမ်းမျှငွေလဲနှုန်း | 25,428,410 | 41.52 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 96,285,000 | 157.23 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 8,734,950 | 14.26 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 38,514,000 | 62.89 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 1.167% | 29,674,954 | 48.46 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 5 Day x ပြင်ပငွေလဲနှုန်း | 34400000 | 56.17 |
| | **အထွေထွေစရိတ်ပေါင်း** | | **151,580,154** | **499.97** |
| ၁၆ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | **2,542,841,000** | **4,152.32** |
| | **စရိတ်စုစုပေါင်း** | | **2,694,421,154** | **4,652.29** |

## ရွှေဈေး ကျပ် ၃၇ သိန်းဝန်းကျင်ရောက်ရှိ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ ထုတ်ပြန်လျက်ရှိသည့် ရွှေဈေးကွက်ဈေးနှုန်းမှာ ဒီဇင်ဘာ ၁၄ ရက်မှစတင်ကာ ကျပ် ၃၇ သိန်းဝန်းကျင်သို့ ရောက်ရှိလာကြောင်း အဆိုပါအသင်းမှသိရသည်။

ဒီဇင်ဘာ ၁၄ ရက် YGEA ၏ ဈေးကွက်အဖွင့်ဈေးသည် အကယ်ဒမီ မီးလင်း ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၆၉၉၁၀၀ ဖြစ်ပြီး နေ့လယ်ပိုင်းတွင်တော့ တစ်ကျပ်သား ကျပ် ၃၇၀၀၉၀၀ သို့ ဈေးမြင့်တက်လာကာ ညနေပိုင်းတွင် ကျပ် ၃၆၉၇၃၀၀ ဖြင့် ဈေးပိတ်သွားခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ကျပ် ၃၆၇၇၉၂၀၀ ဖြင့် ဈေးဖွင့်ခဲ့သည်။

YGEA အနေနှင့် ယခင်က ရည်ညွှန်းဈေးအဖြစ် ထုတ်ပြန်လျက်ရှိသည့် ရွှေဈေးနှုန်းကို ဘဏ်များအကြား ဗဟိုဘဏ်၏ အွန်လိုင်းဈေးကွက်မှနေ၍ အရောင်းအဝယ်ဖြစ်မြောက်သည့် ဒေါ်လာပေါက်ဈေးဖြင့် တွက်ချက်ကာ ဈေးကွက်ဈေးနှုန်းအဖြစ် ပြီးခဲ့သည့် အောက်တိုဘာ ၁၂ ရက်မှစတင်ကာ ပြောင်းလဲထုတ်ပြန်နေခြင်း ဖြစ်သည်။

"ရွှေဈေးကွက်ဈေးနှုန်းက ပြည်တွင်းဘဏ်တွေရဲ့ အရောင်းအဝယ် ဖြစ်တဲ့ ဈေးနဲ့ပဲ တင်ထားတာ။ ဒေါ်လာဈေးတက်လာလို့ ဈေးက ကျပ် ၃၆ သိန်း၊ ၃၇ သိန်း ဖြစ်သွားတာပါ။ ကမ္ဘာ့ဈေးလည်း နည်းနည်းပြန်တက်လာတယ်"ဟု YGEA ဥက္ကဋ္ဌ ဦးမျိုးမြင့်က ဒီဇင်ဘာ ၁၅ ရက်တွင် ပြောသည်။

**ပန်းဆု**

## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိ

ပြည်တွင်း နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနှင့် နိုင်ငံခြားငွေကြေး ရောင်းဝယ်မှုများနှင့် ပတ်သက်၍ ဒီဇင်ဘာ ၅ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး အဆိုပါကြေညာချက်တွင် နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များ နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) အတွင်းအရောင်းအဝယ်ပြုလုပ်ရာတွင် ငွေလဲလှယ်နှုန်းကို ဗဟိုဘဏ်မှ သတ်မှတ်ပေးမည် မဟုတ်တော့ဘဲ ဈေးကွက်အတွင်း နိုင်ငံခြားငွေရောင်းချလိုသူနှင့် ဝယ်ယူလိုသူများက တင်သွင်းသည့် ငွေလဲလှယ်နှုန်းပေါ် မူတည်ပြီး Market Rate အတိုင်း လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဈေးကွက်အတွင်း ဝယ်ယူရရှိခဲ့သည့် နိုင်ငံခြားငွေကို ပြည်ပသို့ လွှဲပြောင်းရာတွင်လည်း နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

**ပန်းဆု**

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၁၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ် သန်း ၁၁၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) မှ သိရသည်။

အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၄၅၂၈၇ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၁၁ ဒသမ ၈၄ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၁၉၅၃ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၆ ဒသမ ၉၁ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၁၅၀၂၂ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၃ ဒသမ ၄၇ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၄၆၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃ ဒသမ ၃၇ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၁၃၅၄၉ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၁ ဒသမ ၄၄ သန်း ရရှိခဲ့သည်။ ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၉၁၅ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂ ဒသမ ၂၀ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၃၃၄၁ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၆၅ သန်းရရှိခဲ့သည်။ ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၃၅၈ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၇၁ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ ၉၆၈၂ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၆ ဒသမ ၀၈ သန်း စသည်ဖြင့် အသီးသီး ရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၂၀၃၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဒီဇင်ဘာ ၁၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၉၇၉ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၇၁၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ ဒီဇင်ဘာ ၁၃ ရက်တွင် ကျပ် ၃၆၉၅၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် -၁၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank မှ ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။ cecidata.com မှ ဖော်ပြချက်၌ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ - ၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၈-၁၂-၂၀၂၃ | ၁၁-၁၂-၂၀၂၃ | ၁၂-၁၂-၂၀၂၃ | ၁၃-၁၂-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၅.၃၂၅ | ၃၅.၆၇၅ | ၃၅.၆၅၅ | ၃၅.၈၀၅ | ၁.၃၆ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၃၉ | ၁.၃၄၄ | ၁.၃၄၂ | ၁.၃၄၄ | ၀.၃၇ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၆၆၄ | ၄.၆၈၂ | ၄.၆၈၄ | ၄.၇၀၇ | ၀.၉၂ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၅၅၁၀ | ၁၅၆၁၅ | ၁၅၆၂၀ | ၁၅၆၆၂ | ၀.၉၈ | ⬆ |
| ၆ | Chinese Yuan | CNY | ၇.၁၆၂ | ၇.၁၈၀ | ၇.၁၇၇ | ၇.၁၈၅ | ၀.၃၂ | ⬆ |
| ၇ | Indian Rupee | INR | ၈၃.၃၈၀ | ၈၃.၃၈၆ | ၈၃.၃၇၆ | ၈၃.၃၉၀ | ၀.၀၁ | ⬆ |
| ၈ | Japanese Yen | JPY | ၁၄၄.၂၈၀ | ၁၄၆.၂၀၉ | ၁၄၅.၅၃၀ | ၁၄၅.၈၂၃ | ၁.၀၇ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၅၁၃ | ၁.၅၂၅ | ၁.၅၁၉ | ၁.၅၂၆ | ၀.၈၆ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၂၈ | ၀.၉၂၉ | ၀.၉၂၇ | ၀.၉၂၇ | -၀.၁၁ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၆ | ၀.၇၉၇ | ၀.၇၉၇ | ၀.၇၉၉ | ၀.၃၈ | ⬆ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၅၅၀-၃၅၆၀ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၇ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၂ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၆၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၇ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၇ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လျက်ရှိသည်။ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ မြင့်တက်ပြီး ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဦးစီးဌာန Department of Agriculture (DA)သည် ဈေးကွက်အတွင်း ဆန်အလုံအလောက် စီးဝင်ရန် ဆန်တင်သွင်းခွင့် ပါမစ်များအတွက် ရက်ကန့်သတ်ချက်ကို လျှော့ချလိုက်ကြောင်း သိရှိရသည်။ ပြင်ဆင်သတ်မှတ်ချက်အသစ်အရ ပြည်ပမှတင်သွင်းသည့် ဆန်များကို မူရင်းနိုင်ငံ မည်သည့်နိုင်ငံမှမဆို သန့်ရှင်းရေးနှင့် ဇီဝဆေးသန့်စင်ရေးဆိုင်ရာ ကင်းရှင်းချက် sanitary and phytosanitary import clearance (SPIC) ထုတ်ပေးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဈေးကွက်ထဲသို့ တင်ပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ ယခင်က ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်တွင် ရက်ကာလ သတ်မှတ်ချက်များမှာ မြန်မာနိုင်ငံမှအပ အရှေ့တောင်အာရှနိုင်ငံများထံမှ တင်သွင်းထားသည့် ဆန်ဖြစ်လျှင် ရက်ပေါင်း ၆၀၊ မြန်မာနှင့် အရှေ့တောင်အာရှမဟုတ်သော နိုင်ငံများထံမှ တင်သွင်းထားသည့် ဆန်ဖြစ်ပါက ရက်ပေါင်း ၉၀ ဟု သတ်မှတ်ထားသည်။ ယခုအခါ စည်းကမ်းအသစ်တွင် မည်သည့်နိုင်ငံမှ ဆန်ကို ဆန်တင်သွင်းသည်ဖြစ်စေ ရက်ပေါင်း ၃၀ ဟု တစ်ပြေးညီ လျှော့ချသတ်မှတ်လိုက်ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်(သစ်) တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ မှ ၆၄၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန် (ဟောင်း) တစ်အိတ်လျှင် ကျပ် ၆၇၀၀၀ မှ ၆၉၀၀၀ ကြား ပေါက်ဈေးရှိကာ ယခုတစ်ပတ်တွင် ဆန်ကြမ်း(သစ်) ဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထဆန်တစ်အိတ်လျှင် ၂၉၀ ယွမ်ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၄၇၆ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၉၇ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၆၄၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့တွင် ဧည့်မထဆန်(သစ်) တစ်ပြည်လျှင် ကျပ် ၂၅၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၈၂ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## တိုက်ကြီးမြို့နယ်ရှိ ဝါးခမောက်လုပ်ငန်း

တိုက်ကြီးမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးလုပ်ငန်းတွင် မပါမဖြစ် တောင်သူကြီးများ အသုံးပြုသော ခမောက်လုပ်ငန်းကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။

မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဝါးခမောက်လုပ်ငန်းလုပ်ကိုင်ခြင်းလည်း အပါအဝင်ဖြစ်သည်။ ဝါးခမောက်လုပ်ငန်းကို အဓိကပြုလုပ်ရာတွင် ဝါးဖတ် ၅၀၀ တစ်ထုံးကို ကျပ် ၁၆၀၀၀ ဖြင့်ဝယ်ယူ၍ ပါဝင်ဆက်စပ်ပစ္စည်း ဝါးခွေတစ်လိပ်လျှင် ကျပ် ၄၀၀၀ နှစ်လိပ် အသုံးပြုရသည်။ ခမောက်ချုပ် အပ်ချည် ၁၀ ဆယ်သား ကျပ် ၂၅၀၀၊ ထိပ်ဖူးသံပြားဝိုင်း ၁၀၀ ခု ကျပ် ၁၀၀၀၊ ခမောက်ချည်တန် (ဝါးချောင်းသေး) ကျပ် ၂၅၀၀၊ ခမောက် အဖူးလုံး ချုပ်ခ အလုံး ၁၀၀ လျှင် ကျပ် ၂၀၀၀၀၊ အဖူး အောက်ခြေ ခွေသောငွေတပ်ခ ကျပ် ၂၀၀၀၊ အရွက်လှည့် ကျပ် ၄၀၀၀၊ အရွက်ချုပ် ကျပ် ၇၀၀၀၊ ခွေသယ်ခ ကျပ် ၇၀၀၀၊ အဖူး+အရွက် တွဲ ကျပ် ၆၀၀၀၊ အလုံးအောက်ခြေခွေသပ် ကျပ် ၂၅၀၀၊ အရွက်ဘေးလှီးခ ကျပ် ၁၅၀၀၊ ကပ်ခွေ ကျပ် ၁၅၀၀၊ ပေါ်လစ်တင် ကျပ် ၄၀၀၀၊ ဆေးသုတ်ခ ကျပ် ၂၀၀၀၀ ကျ၍ ဝါးဖတ် ၅၀၀ တစ်ထုံးလျှင် ခမောက် အလုံး ၁၀၀ ရရှိ၍ ခမောက်အလုံး ၁၀၀ ကုန်ကျငွေ ကျပ် ၁၀၇၅၀၀ ကုန်ကျ၍ ခမောက် တစ်လုံး ၁၀၇၅ ကျပ်နှင့် သယ်ယူခ ၅၀ကျပ်နှုန်းဖြင့် ၁၁၂၅ ကျပ်ကျသင့်သည်။

ခမောက်တစ်လုံး လက်ကားရောင်းဈေး ကျပ် ၁၃၀၀ ဖြင့် ရောင်းချပြီး လက်လီဈေးကွက်တွင် ကျပ် ၁၅၀၀ နှုန်းဖြင့် တွင်တွင်ကျယ်ကျယ် ရောင်းချလျက်ရှိသည်။ ခေတ်နှင့်အညီ ပလတ်စတစ် ကော်ဇောကပ်ပြီး တစ်လုံးလျှင် ကျပ် ၁၇၀၀ မှ ၂၀၀၀ အတွင်း ရောင်းချ၍ ဝါးခမောက်စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ **တင်တင်ဌေး (ရန်ကုန်)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

DOT (P&S)

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံအနက် ဂျပန်နိုင်ငံသည် ယခုတစ်ပတ်တွင် သုည ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုအပတ်အတွက် ဒီဇင်ဘာ ၁၁ ရက်ဖော်ပြချက်၌ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ နီပေါ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ အာဂျင်တီးနား၊ ခရိုအေးရှား၊ အီဂျစ်၊ အိုက်စလန်နှင့် နယ်သာလန်စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၅ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဘရာဇီး၊ အန်ဒိုရာ၊ ဟန်ဂေရီ၊ ပြင်သစ်၊ အီတလီ၊ ဂရိ၊ ဒိန်းမတ်၊ ဂျာမနီနှင့် ဖင်လန် အပါအဝင် နိုင်ငံပေါင်း ၃၇ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂ ရာခိုင်နှုန်းမှ ၈ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၂ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၄ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၃ နိုင်ငံအနက် ယခုတစ်ပတ်တွင် ဂျပန်နိုင်ငံသည် သုည ဒသမ ၄ ရာခိုင်နှုန်းနှင့် Bahamas နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း နှစ်နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဘယ်လ်ဂျီယံ၊ ဂျော်ဒန်၊ ကင်ညာ၊ မိုနာကို၊ နော်ဝေ၊ ပီရူးနှင့် ပိုလန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၄ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ အန်ဒိုရာ၊ မက္ကဆီကို၊ ခရိုအေးရှား၊ ဘရာဇီး၊ ဖင်လန်၊ အီတလီ၊ ဒိန်းမတ်၊ ဂရိ၊ အိုင်ယာလန်နှင့် ဟန်ဂေရီ အပါအဝင် နိုင်ငံပေါင်း ၃၇ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၃၀ | ၁.၁၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၀ | ၁.၀၅ |
| ၃ | ထိုင်း | လီတာ | ၁.၂၃ | ၀.၈၄ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၇ | ၀.၈၄ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၁ | ၁.၈၈ |
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၆ | ၁.၀၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၅ | ၁.၀၁ |
| ၉ | လာအို | လီတာ | ၁.၄၃ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၈ | ၁.၀၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၀ | ၁.၀၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၄၆၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၅၇၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၂၁၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၂၂၇၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၀၅၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၂၉၀၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၀၅၄ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၇၀၄ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၅၇၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၁၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၅၈၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၂၂၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်အပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၅၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၃၀ ကျပ် ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။





# မော်လမြိုင်မြို့၌ အုန်းစိမ်းရည်များ အရောင်းအဝယ်သွက်

မော်လမြိုင်မြို့တွင် အုန်းစိမ်းရည်များ အရောင်းအဝယ်သွက်လျက်ရှိသဖြင့် အုန်းစိမ်းဝယ်ရောင်း လုပ်ငန်းရှင်များမှာ ခြံအရောက်ကိုယ်တိုင် အပင်ပေါ်တက်ခူးသည့်စနစ်ဖြင့် လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရှိရသည်။ အုန်းစိမ်းရည်ကို သဘာဝအတိုင်း သောက်သုံးခြင်းအပြင် အချို့မှာ အုန်းစိမ်းဂျယ်လီ ပြုလုပ်ခြင်း၊ အုန်းစိမ်းရေခဲမုန့်ပြုလုပ်၍လည်း ရောင်းချကြသည်။

အုန်းစိမ်းရည် တစ်လုံးလျှင် ကျပ် ၁၀၀၀- ၁၅၀၀၊ အုန်းစိမ်းဂျယ်လီ တစ်လုံးလျှင် ကျပ် ၁၅၀၀-၂၀၀၀၊ အုန်းသီးရေခဲမုန့် တစ်လုံးလျှင် ကျပ် ၂၀၀၀-၃၀၀၀ ဖြင့် ရောင်းချကြသည်။ "မိုးတွင်းတုန်းကတော့ အရောင်းအဝယ်ပါးတယ်၊ ပွင့်လင်းရာသီ ရောက်လာတော့ အရောင်းအဝယ် သွက်လာတယ်။ မိုးတွင်းတုန်းက တစ်နေ့ကို ကျပ် ၄၀၀၀၀ ဖိုးလောက်ပဲ ရောင်းရတယ်။ အခုတော့ တစ်နေ့ကို ကျပ် ၇၀၀၀၀ ဖိုးရောင်းရတယ်။ ဝယ်ရင်းဈေးကတော့ တစ်လုံးကို ကျပ် ၅၀၀-၆၀၀ ပေးဝယ်ရတယ်။ တွက်ခြေကိုက်မှုရှိပါတယ်"ဟု အုန်းစိမ်းဝယ်ယူရောင်းချသူတစ်ဦးက ပြောကြားခဲ့သည်။ အုန်းစိမ်းများကို မော်လမြိုင်မြို့တွင်းအပြင် ပေါင်မြို့နယ်၊ မုတ္တမ၊ အလှုပ်ကျေးရွာများသို့ပါ သွားရောက်ဝယ်ယူရကြောင်း ၎င်းက ပြောကြားခဲ့သည်။

အုန်းစိမ်း အရောင်းဆိုင်များအား မော်လမြိုင်မြို့ နေရာအနှံ့အပြားတွင် တွေ့ရှိရပြီး မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် ညဈေးတန်းများတွင် အုန်းစိမ်းရည်၊ အုန်းစိမ်းဂျယ်လီ၊ အုန်းစိမ်းရေခဲမုန့်များအား မော်တော်ယာဉ်များဖြင့် လာရောက်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**



# ပြည်ပပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါး ဆောင်ရွက်နိုင်ပြီဖြစ်

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒီဇင်ဘာလဆန်းအထိ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု စာရင်းအရ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနီးပါးထိ တင်ပို့နိုင်ပြီးဖြစ်သည်။ ယခုနှစ်တွင် မတ်ပဲ၊ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်း၊ ရော်ဘာ၊ ပဲစင်းငုံ၊ နှမ်း၊ မြေပဲနှင့် ကြက်သွန်နီ၊ နနွင်းတက်၊ မန်ကျည်းသီး၊ ချင်းခြောက်၊ ဝဥ၊ ကြက်ဆူစေ့၊ ကော်ဖီစေ့၊ သီဟိုဠ်စေ့၊ ဝါ၊ ပီလောပီနံ၊ ဖရဲ၊ သခွား၊ သရက်၊ တစ်သျှူးငှက်ပျော လယ်ယာထွက်ကုန်များ စုံလင်စွာ တင်ပို့နိုင်သကဲ့သို့ ရေထွက်ပစ္စည်းကဏ္ဍ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ငါးလေးခြောက်၊ ငါးခြောက်များ တင်ပို့လျက်ရှိသည်။

ပြည်ပတင်ပို့မှု၌ စက်မှုကဏ္ဍထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်စေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သစ်ပါးလွှာနှင့် အထပ်သားများ၊ သစ်အချောထည်ထုတ်ကုန်များ၊ ချုပ်ပြီး အထည်၊ သကြားနှင့် အခြားစက်မှုကုန်ချောထုတ်ကုန်များကိုလည်း တင်ပို့လျက်ရှိသည်။ ဧပြီလမှ ဒီဇင်ဘာလဆန်းထိတွင် ပြည်ပနိုင်ငံပေါင်း ၁၁၇ နိုင်ငံသို့ ပို့ကုန်အသီးသီးတင်ပို့ခဲ့ပြီး ထိုင်း၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်၊ ဂျာမနီ၊ ပိုလန်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများမှာ ကုန်စည်အလိုက်ဈေးကွက်ဝယ်လိုအား များပြားသည့် နိုင်ငံများဖြစ်သည်။

ပြည်ပ ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုအား ကုမ္ပဏီ ၅၉၃၈ ခုမှ အမှန်တင်ပို့၊ တင်သွင်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ လက်ရှိတွင် ပြည်ပသို့ ပို့ကုန်တင်ပို့မှုအား ပင်လယ်ရေကြောင်းနှင့် နယ်စပ် ကုန်သွယ်ရေးစခန်းများ အပြင် လေကြောင်းလိုင်းများမှတစ်ဆင့် တင်ပို့မှုများ ဆောင်ရွက်လျက်ရှိသည်။ ငါးမျိုးစုံ၊ ပုစွန်နှင့် အခြား ရေထွက်ပစ္စည်းများတင်ပို့သည့် လုပ်ငန်းရှင်အချို့မှ ရက်သတ္တပတ်လျှင် တန်ချိန် ၃၀၀ ကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံများသို့ လေကြောင်းဖြင့် တင်ပို့လျက်ရှိသည်။

ပို့ကုန် တိုးတက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအား အသိအမှတ်ပြုသည့်အနေဖြင့် ရော်ဘာပို့ကုန်ရငွေဖြင့် လုပ်ငန်းသုံးအတွက်လိုအပ်သည့် ဓာတ်မြေဩဇာတင်သွင်းခွင့်ပြုထားပြီး ဆန်၊ ပဲ၊ ပြောင်းတင်ပို့သည့် လုပ်ငန်းရှင်များအား ပြည်တွင်းဈေးကွက် လိုအပ်ချက်ရှိသည့် စက်သုံးဆီကဲ့သို့သော သွင်းကုန်ပစ္စည်းများ တင်သွင်းခွင့်ပြုမည့် အစီအစဉ်များ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ဒေသအလိုက်၊ ကုန်စည်အလိုက် ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာသည့် ရာသီပေါ်သီးနှံများ၊ ငါး၊ ပုစွန်မွေးမြူရေး ရေထွက်ကုန်များအား ပြည်ပဈေးကွက်ဝယ်လိုအား မြင့်မားနေသည့် အချိန်ကိုက် တင်ပို့နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

**MOC (IR)**

## တာချီလိတ် ကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလအတွင်း ကုန်သွယ်မှုအခြေအနေ

တာချီလိတ်ကုန်သွယ်ရေးစခန်း ၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလလုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၈၆ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၈၂သန်းဖြစ်၍ လျာထားချက်အပေါ် ၅၉ ဒသမ ၀၉ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့သည်။

ကာလတူ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၄၇၀ သန်းလျော့နည်းပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၉ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃၉ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။ ကာလတူထက် ပို့ကုန်ပိုင်းတွင်လျော့နည်းရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊ အခြားပစ္စည်းအုပ်စုတို့ တင်ပို့မှုပိုမိုခဲ့သော်လည်း ရေထွက်ပစ္စည်းအုပ်စုတွင် လျော့နည်းတင်ပို့ခဲ့သောကြောင့်ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် ကာလတူထက် လျော့နည်းရခြင်းမှာ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၁၁ သန်း ပိုမိုတင်သွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်း ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ ၂၇၂ သန်း လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၃ သန်း ပိုမိုခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၆ သန်းလျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၃ သန်းလျော့နည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပို့ကုန်ပိုင်းတွင် အနီးစပ်ဆုံးထက် ပိုမိုရခြင်းမှာ သတ္တုတွင်းထွက်အုပ်စုတွင် တင်ပို့မှုလျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ အခြားပစ္စည်းအုပ်စုတို့ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းများအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၈၉ သန်း ပိုမိုခဲ့သောလည်း လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၉၇၅ သန်း လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

## နိုဝင်ဘာလအတွင်း ပြောင်းနှင့်ရော်ဘာ တင်ပို့မှုအခြေအနေ

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန် ဒေါ်လာ ၇ ဒသမ ၆၀၁ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၁၃၈၀ ကျော် တင်ပို့သည်။ တင်ပို့မှု အနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၃၁၁၇၀၊ ထိုင်ဝမ်သို့ ပြောင်းတန်ချိန် ၁၉၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ပြောင်း ၂၃ တန် တင်ပို့သည်။

နိုဝင်ဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ပြောင်းတန်ချိန် ၁၂၀၀၀ ကျော်နှင့် မြန်မာ- ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ပြောင်း ၉၈၈ တန်ကျော် တင်ပို့သဖြင့် စုစုပေါင်း ပြောင်းတင်ပို့မှု တန်ချိန်၁၂၉၉၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၉၀ သန်းရရှိခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတင်ပို့မှု တန်ချိန် ၄၄၃၇၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉၁ သန်း ရရှိခဲ့သည်။ ယခင်လ ပြောင်းတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် ၂၉၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၉၀ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၄၉၄၀ ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာ ၂၂၁၅ တန်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀၀ ကျော် နှင့် အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၇၂၅ တန် တင်ပို့ခဲ့သည်။

နိုဝင်ဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၇ သန်းတန်ဖိုးရှိ ရော်ဘာ ၈၂၀ ကျော် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှု တန်ချိန် ၅၇၆၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၇ ဒသမ ၅၈၇ သန်းရရှိသည်။

ယခင်လ ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၂၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

**DAAT**

## နိုဝင်ဘာလအတွင်း မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ တန်ချိန် ၉၀၀၀၀ ခန့် တင်ပို့

နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ တင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၁၇၈ သန်းနှင့် တန်ချိန် ၉၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

**မတ်ပဲ**

မတ်ပဲတင်ပို့မှုမှာ နိုဝင်ဘာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ချိန် ၆၆၃၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၅၄၇ သန်းကျော်ဖိုး တင်ပို့မှုရှိခဲ့သည်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၅၇၀၀၀ ခန့်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၈၀၀ ကျော်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၂၁၀၀၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၀ ခန့်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၅၀၊ ယူအေအီးနိုင်ငံများသို့ တန်ချိန် ၁၃၀၀ နီးပါးတင်ပို့ပြီး ဂျပန်နိုင်ငံ၊ အီးယူနိုင်ငံများနှင့် အမေရိကသို့ တင်ပို့မှုများလည်း ရှိခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုမှလည်း မတ်ပဲ ၅၁၂ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၈၁ သန်းဖိုးကိုလည်း တင်ပို့ခဲ့သည်။

**ပဲတီစိမ်း**

ပဲတီစိမ်းတင်ပို့မှုအနေဖြင့် နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၈၂ သန်းဖိုးနှင့် တန်ချိန် ၂၀၁၇၀ ကျော် တင်ပို့ခဲ့သည်။ ပဲတီစိမ်းတင်ပို့သည့်နိုင်ငံများမှာ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၇၆၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၇၂၀၀၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၅၀၀ နီးပါး၊ တရုတ်နိုင်ငံသို့ တန်ချိန် ၁၈၀၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၄၀၂၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၃၀၀ ခန့်၊ ယူနိုက်တက်ကင်းဒမ်းသို့ တန်ချိန် ၁၀၀၊ ယူအေအီးနိုင်ငံသို့ တန်ချိန် ၁၀၀ ခန့်၊ အမေရိကသို့ တန်ချိန် ၆၀ နီးပါးနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

နိုဝင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆၉ သန်း တန်ဖိုးရှိ ပဲစင်းငုံ တန်ချိန် ၂၉၆၀ ကို တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံ၊ အိန္ဒိယ၊ မလေးရှား၊ ယူအေအီးနှင့် အီးယူနိုင်ငံများသို့ တင်ပို့ခဲ့သည်။ နိုဝင်ဘာလ ပဲမျိုးစုံတင်ပို့မှုမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၁၇၈ သန်းနှင့် တန်ချိန် ၉၀၀၀၀ ခန့်ရှိကြောင်း သိရှိရသည်။

**CJ**

PRO 1 Global Home Center တွင်

ဆောက်လုပ်ရေးလုပ်ငန်းသုံး နှင့် အိမ်အတွက်လိုအပ်သောပစ္စည်းများကို

တစ်နေရာတည်းမှာ

စုံလင်စွာဝယ်ယူနိုင်ပါသည်။

PRO 1 Global HOME CENTER

"One Place,Get All."



**Yangon**

| | |
|---|---|
| **PRO 1 Plus Terminal M Branch** | ၀၉ ၇၇၇၀၄၇၃၁၀၊ ၀၉ ၇၇၇၀၄၇၃၁၁ |
| လမ်းသစ်အရောင်းစင်တာ | ၀၁ ၆၄၇၇၃၀၊ ၀၉ ၅၀၂၇၃၉၆ |
| စက်ဆန်းအရောင်းစင်တာ | ၀၉ ၇၇၇၀၀၀၈၄၉၊ ၀၉ ၇၇၇၀၀၀၆၂၃ |
| အရှေ့ဒဂုံအရောင်းစင်တာ | ၀၉ ၇၇၇၀၀၀၈၆၇၊ ၀၉ ၇၇၇၀၀၀၈၇၂ |
| လှိုင်သာယာအရောင်းစင်တာ | ၀၉ ၇၇၇၀၀၂၈၄၀၊ ၀၉ ၇၇၇၀၀၂၈၅၀ |
| တောင်ဒဂုံအရောင်းစင်တာ | ၀၉ ၇၇၇၀၄၇၂၈၂၊ ၀၉ ၇၇၇၀၄၇၂၈၃ |
| ရွှေပြည်သာအရောင်းစင်တာ | ၀၉ ၇၇၇၀၄၇၃၈၄၊ ၀၉ ၇၇၇၀၄၇၃၈၅ |

**Mandalay**

| | |
|---|---|
| သိပ္ပံလမ်းအရောင်းစင်တာ | ၀၉ ၇၇၇၀၀၀၉၄၁၊ ၀၉ ၇၇၇၀၀၀၉၄၂ |
| တမ္ပဝတီအရောင်းစင်တာ | ၀၉ ၇၇၇၀၀၀၇၁၇၊ ၀၉ ၇၇၇၀၀၀၉၂၅ |

**Mawlamyine**

| | |
|---|---|
| မော်လမြိုင်အရောင်းစင်တာ | ၀၉ ၇၇၇၀၀၀၈၂၈၊ ၀၉ ၇၇၇၀၀၀၆၂၆ |

**Aye Tharyar**

| | |
|---|---|
| အေးသာယာအရောင်းစင်တာ | ၀၉ ၇၇၇၀၀၃၇၀၁၊ ၀၉ ၇၇၇၀၀၃၇၀၂ |

**Bago**

| | |
|---|---|
| ပဲခူးအရောင်းစင်တာ | ၀၉ ၇၇၇၀၄၈၇၄၇၊ ၀၉ ၇၇၇၀၄၇၃၇၈ |



# SWEETY LIFE FURNITURE

sweety life



၆၂လမ်းနှင့်ပန်းခြံလမ်း၊၁၂၀/၁၂၄ကြား


09 250 690 906, 09 332 99 111, 09 516 4070




အရည်အသွေး
ကောင်းမွန်သော ကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
HOT LINE : 09253008800
အမှတ် (၄၂–အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555




ROYAL
Shwe Phoo Phoo
ROYAL SHWE PHOO PHOO CO.,LTD
No(102-F), Room No (201), Between Moe Kaung Street &
Maggin Street, Shwe Moe Kaung Condo , Yankin Tsp,Yangon.
Ph : 09-5410086, 09 5415522, 09-5412318 , 09-5450050
09 44244416,09 44234416 , 09254115158
E mail : usanlwin905@gmail.com
Marine Machinery, Equipment and Spares
Plant Heavy Equipment and Earth Moving Equipment and Spares

GLTSB
GLTSB Co., Ltd.
Audio Visual Equipment and Accessories

Paints Chemicals, Acids and Insecticide etc;
Construction and Building Material



# eComReg System နှင့် Online Sale

ယွန်းငယ်

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်နောက်ပိုင်းမှစတင်၍ အင်တာနက် အသုံးပြုမှုမှာ တိုးတက်လာခဲ့သည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုဘိုင်းလ်ဖုန်းဖြင့် အင်တာနက် အသုံးပြုမှုပိုမိုများပြားလာခြင်းနှင့်အတူ e-commerce သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အင်တာနက်မှတစ်ဆင့် ကုန်စည်/ဝန်ဆောင်မှုများ ရောင်းချခြင်းနှင့်ဝယ်ယူခြင်းများသည်လည်း အရှိန်အဟုန်ဖြင့်တိုးမြင့်လာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အင်တာနက် အသုံးပြုသူပေါင်း ၈ ဒသမ ၂၇ သန်း ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အင်တာနက် အသုံးပြုသူပေါင်း ၂၃ ဒသမ ၉၃ သန်းအထိ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။

အင်တာနက် အသုံးပြုသူ များပြားလာသည်နှင့်အမျှ အွန်လိုင်းမှတစ်ဆင့် ကုန်စည်/ဝန်ဆောင်မှုများကို ရောင်းဝယ်ခြင်းများလည်း ပိုမိုတွင်ကျယ်လာခဲ့သည်။ ၂၀၁၉ခုနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ e-commerce ဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ သန်းသာရှိသော်လည်း တိုးတက်မှုအတွက် အလားအလာကောင်းများရှိသောကြောင့် ၂၀၂၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်း ၁၀၀အထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းကြသည်။ မြန်မာနိုင်ငံ၏ e-commerce စနစ်တွင် အများအပြားဝယ်ယူလျက်ရှိသော ကုန်စည်အမျိုးအစားများမှာ အဝတ်အထည်များ၊ အီလက်ထရောနစ်ပစ္စည်းများနှင့် အစားအသောက်များဖြစ်ကြောင်း အခြားသော အမျိုးအစားများဖြစ်သည့် အိမ်သုံးပရိဘောဂများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများနှင့်ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများသည်လည်း e-commerceမှတစ်ဆင့် ရောင်းချခြင်းများတွင် စိတ်ဝင်စားခြင်းခံရသော ကုန်စည်နှင့် ဝန်ဆောင်မှုများဖြစ်သည်။ ၂၀၂၃ခုနှစ် ဇန်နဝါရီလအထိ မြန်မာနိုင်ငံတွင် လူမှုကွန်ရက်မီဒီယာများကို အသုံးပြုသူ ၁၅ သန်းရှိခဲ့ပြီး Online Learning၊ Online Sales ၊ Online Meeting၊ Online Paymentများကိုသုံးစွဲမှုခြင်းဖြင့် စားသုံးသူများ၏လိုအပ်ချက်ကိုထိရောက်လျင်မြန်လွယ်ကူစွာ ဖြည့်ဆည်းပေးနိုင်ခဲ့သည့် ကောင်းမွန်သောဖွံ့ဖြိုးတိုးတက်မှုတစ်ခုလည်းဖြစ်သည်။

လက်ရှိဖြစ်ပွားလျက်ရှိသော ကိုဗစ်(၁၉) ကပ်ရောဂါသည် ဝယ်ယူ စားသုံးသူများ၏ ဝယ်ယူမှုအလေ့အထများနှင့် e-commerce လုပ်ငန်းများအပေါ်တွင် လွှမ်းမိုးမှုရှိခဲ့သည်။ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန်အတွက် နိုင်ငံအတွင်းရှိ နေရာအချို့ကို ပိတ်ဆို့တားဆီးခြင်းများကြောင့် ဝယ်ယူစားသုံးသူများသည် နေ့စဉ် မရှိမဖြစ်လိုအပ်ချက်များအတွက် အခြေခံလိုအပ်ချက်များနှင့် ကုန်ခြောက်ပစ္စည်းများကို အင်တာနက်မှတစ်ဆင့် ဝယ်ယူမှုများပြားခဲ့ကြောင်း တွေ့ရှိရသည်။ ကပ်ရောဂါ အခြေအနေကြောင့် ကူးသန်းရောင်းဝယ်မှုများ တိုးမြင့်လာခြင်း၊ အပြင်ထွက်ရန် တားမြစ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအကွာအဝေးခြားစေခြင်းနှင့် ဈေးဝယ်ခြင်းတို့ကို စနစ်တကျထိန်းသိမ်းခြင်း စသည့်အချက်များကြောင့် e-commerce မှ ဈေးဝယ်ခြင်းသည် ကပ်ရောဂါကာလအတွင်းတွင် ယခင်ကထက် တိုးလာခဲ့သည်။ ကပ်ရောဂါသည် နိုင်ငံများစွာကို အပြင်းအထန်တိုက်ခိုက်နေသည့်အပြင် စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် ကန့်သတ်ချက်များ ထပ်မံချမှတ်ထားသောကြောင့် နိုင်ငံအနှံ့အပြားရှိ ဝယ်ယူစားသုံးသူများသည်လည်း e-commerce စီးပွားရေးလုပ်ငန်းအပေါ် မှီခိုနေရကြောင်း တွေ့ ရှိရပြီး မြန်မာနိုင်ငံတွင် အင်တာနက်မှတစ်ဆင့် ဈေးဝယ်မှုများကို e-commerce ပလက်ဖောင်းများတွင် ဝယ်ယူရောင်းချခြင်းများရှိကြသော်လည်း စားသုံးသူများသည် အသုံးပြုရလွယ်ကူခြင်း၊ သိရှိလိုသည်များကို လျင်မြန်စွာ မေးမြန်းနိုင်ခြင်းနှင့် သီးခြား ဆော့ဖ်ဝဲလ်များနှင့်အကောင့်များ ထပ်မံထည့်သွင်းရန် မလိုအပ်ခြင်း စသည့်အကြောင်းအရင်းများကြောင့် လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့်သာ ပိုမိုဝယ်ယူလျက်ရှိသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၉ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ စားသုံးသူအခွင့်အရေးများ ပြည့်ဝစွာရရှိရေးအတွက် ဆောင်ရွက်ရာတွင် အဓိကအားဖြင့် စားသုံးသူအကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ ထိုကဲ့သို့ စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြေရှင်းအရေးယူ ဆောင်ရွက်ပေးသကဲ့သို့ လုံခြုံစိတ်ချရမှုမရှိသည့် ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ဈေးကွက်အတွင်းမှ လျော့နည်းပပျောက်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ အင်တာနက်မှတစ်ဆင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းဝယ်ခြင်းများ တွင်ကျယ်လာခြင်းနှင့်အတူ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူရာတွင် စားသုံးသူများ၏ အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် နစ်နာဆုံးရှုံးမှုများလည်း ကြုံတွေ့ခဲ့ကြရသည်။ ကြုံတွေ့ခဲ့ရသော နစ်နာ ဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် လိမ်လည်လှည့်ဖြားသည့် လုပ်ငန်းရှင်များကို ဖော်ထုတ်ဆက်သွယ်ဆောင်ရွက်သည့်စနစ် အားနည်းခြင်း၊ ထိထိရောက်ရောက် ဖြေရှင်းနိုင်မှုမရှိခြင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို မှတ်ပုံတင် ထိန်းကျောင်းမှုမရှိခြင်းများကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄(ဂ)အရ ၂၀၂၃ခုနှစ် ဇူလိုင်လ ၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၅/ ၂၀၂၃)ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာရန်နှင့် ယင်းဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်ခွင့်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့သည်။

သို့ဖြစ်ပါ၍ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ (ဂ)အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/ ၂၀၂၃)ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရမည့်လုပ်ငန်းအဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကို ဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/ ၂၀၂၃)ဖြင့် ထုတ်ပြန်ခဲ့သည်။

အွန်လိုင်းစနစ်မှ ကုန်စည်နှင့်ဝန်ဆောင်မှုကို ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံဆောက်ရွက်ထားသော အွန်လိုင်းမှတ်ပုံတင်စနစ်အရ မှတ်တင်ပုံတင်လက်မှတ်လျှောက်ထားရာတွင် ရုံး၊ဌာနများသို့ ကိုယ်တိုင်သွားရောက် လျှောက်ထားရန်မလိုဘဲ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက်မှစတင်ကာ eComReg System (https://www.ecomreg.gov.mm) မှတစ်ဆင့် လျှောက်ထားနိုင်ပြီး လျှောက်ထားရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ချက်များကိုလည်း ဖော်ပြပေးထားပါသည်။ eComReg Systemတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်သွင်း၍ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်သည့်အပြင် ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းနှင့်လူပုဂ္ဂိုလ်များသည် သတ်မှတ်ထားသော စာရွက်စာတမ်းများကို ပူးတွဲတင်ပြ၍ အချိန်ကုန် သက်သာပြီး လွယ်ကူလျင်မြန်စွာဖြင့် လျှောက်ထားနိုင်ကြောင်း တွေ့ရသည်။

ဌာနမှ လိုအပ်သည့် အချက်အလက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မှတ်ပုံတင်ကြေးနှင့် အွန်လိုင်းဝန်ဆောင်ခတို့ ပေးသွင်းရန်အတွက် အကြောင်းကြားစာ ရရှိမည်ဖြစ်ပြီး ရရှိသည့်နေ့မှ နှစ်ပတ်အတွင်း သတ်မှတ်ထားသည့် ဒီဂျစ်တယ်ငွေပေးချေမှုဖြင့် ပေးသွင်းရမည်ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ပြုထားကြောင်း သိရှိရသည်။ ထို့နောက် E-certificate မှတ်ပုံတင်လက်မှတ်ကို ရရှိမည်ဖြစ်ပြီးစတင်ထုတ်ပေးသည့် နေ့ရက်မှ နှစ်နှစ်အထိ သက်တမ်းရှိမည်ဖြစ်ပြီး သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုး လျှောက်ထားနိုင်ကာ သက်တမ်းတိုး လျှောက်ထားခြင်းမရှိပါက သက်တမ်းကုန်ဆုံးသည့်နေ့တွင် မှတ်ပုံတင်လက်မှတ်သည် အလိုအလျောက်ပျက်ပြယ်မည်ဖြစ်သည်။

ထို့အပြင် မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် မိမိ၏လျှောက်ထားမှုအခြေအနေကို eComReg Systemတွင် လွယ်ကူစွာကြည့်ရှုနိုင်မည်ဖြစ်ပြီး မှတ်ပုံတင်လက်မှတ်ရရှိပြီးဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာဖော်ပြထားရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**အွန်လိုင်းစနစ်မှ ကုန်စည်နှင့် ဝန်ဆောင်မှုကို ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံဆောက်ရွက်ထားသော အွန်လိုင်းမှတ်ပုံတင်စနစ်အရ မှတ်တင်ပုံတင်လက်မှတ် လျှောက်ထားရာတွင် ရုံး၊ ဌာနများသို့ ကိုယ်တိုင်သွားရောက် လျှောက်ထားရန်မလိုဘဲ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက်မှစတင်ကာ eComReg System (https://www.ecomreg.gov.mm) မှတစ်ဆင့် လျှောက်ထားနိုင်ပြီး လျှောက်ထားရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ချက်များကိုလည်း ဖော်ပြပေးထားပါသည်။**

စာမျက်နှာ - ၁၇ သို့

# ထိုင်းနိုင်ငံသို့ ထောပတ်သီး တန်ချိန် ၂၅၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထား



လက်ရှိ ထောပတ်သီးရာသီအတွင်း ထိုင်းနိုင်ငံသို့ မြန်မာ့ထောပတ်သီး တန်ချိန် ၂၅၀၀ ဝန်းကျင်အထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရသည်။

ယခု ထောပတ်သီးရာသီတွင် ထိုင်းနိုင်ငံသို့ မြန်မာ့ထောပတ်သီး အများဆုံးတင်ပို့ရန် စီစဉ်ထားပြီး Hass ထောပတ်သီး တစ်ကီလိုဂရမ်လျှင် ကြမ်းခင်းဈေး ကျပ် ၆၀၀၀-၁၀၀၀၀ အတွင်း ရရှိရန် မျှော်မှန်းထားကြောင်း အဆိုပါအသင်းအတွင်းရေးမှူး ဦးကျော်စိုးမင်းက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောသည်။

"Hass ထောပတ်သီး ကြမ်းခင်းဈေးက ပြီးခဲ့တဲ့ နိုဝင်ဘာမှာတော့ တစ်ကီလိုကို ငွေကျပ် ၄၀၀၀ လောက်ပဲ ရခဲ့တာ။ ဒါပေမဲ့ အခု ဒီဇင်ဘာကစလို့ ကြမ်းခင်းဈေး ကျပ် ၆၀၀၀ ကနေ ၁၀၀၀၀ ကြားလောက် ရနိုင်တယ်၊ ဈေးကောင်းမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံသို့ ထောပတ်သီး တင်ပို့ရာတွင် လက်ရှိ၌ တာချီလိတ်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ အဓိက တင်ပို့နေခြင်းဖြစ်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တို့မှ ထွက်ရှိသည့် Hass အမျိုးအစား ထောပတ်သီးကို အများဆုံး တင်ပို့လျက်ရှိကြောင်း သိရသည်။

"တာချီလိတ်မှာပဲ ပွဲစားကို ရောင်းလိုက်တဲ့ တောင်သူတွေလည်းရှိတယ်။ ထိုင်းဘက်ကို ဘန်ကောက်အထိ တင်ပို့တာလည်းရှိတယ်။ ထိုင်းကို ခုပို့နေပါပြီ။ အရင်နှစ်ထက်ပိုပြီး ပို့နိုင်မှာပါ"ဟု ဦးကျော်စိုးမင်းက ပြောသည်။

ထောပတ်သီးကို နှစ်စဉ် အောက်တိုဘာလတွင် အသီးများ စတင်ခူးဆွတ်ကာ နိုဝင်ဘာလကုန်ခန့်မှ စတင်၍ ထိုင်းသို့ တင်ပို့ခြင်းဖြစ်ပြီး ဇန်နဝါရီလသည် နောက်ဆုံးတင်ပို့ရသည့်ကာလဖြစ်ကာ ပြီးခဲ့သည့် ထောပတ်သီးရာသီက ထိုင်းသို့ ထောပတ်သီး တန်ချိန် ၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောပတ်ပင်သည် စတင်စိုက်ပျိုးပြီး သုံးနှစ်ကြာမှသာ အသီးသီးကာ ရောင်းချရခြင်းဖြစ်ပြီး နှစ်ရှည်သီးနှံပင်ဖြစ်ကာ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြောင်း သိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ထောပတ်သီး တန်ချိန် ၃၀၀၀ ခန့် ထွက်ရှိပြီး ၉၀ ရာခိုင်နှုန်းကို ထိုင်းသို့ အဓိက တင်ပို့လျက်ရှိကာ ကျန်သည့် ၁၀ ရာခိုင်နှုန်းကိုသာ ပြည်တွင်းစားသုံးမှုရှိကြောင်း သိရသည်။



# ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာ့ကြက်သွန်နီ တင်ပို့ခွင့်ရရှိရေး စီစဉ်ဆောင်ရွက်နေ

မြန်မာနိုင်ငံမှထွက်ရှိသည့် ကြက်သွန်နီကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ခွင့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ မီးဖိုချောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ကြက်သွန်နီကို ဖိလစ်ပိုင်နိုင်ငံသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရန် အစိုးရချင်း သဘောတူညီမှုစာချုပ် (G to G) သဘောတူညီချက်ရရှိရေးအတွက် ကြက်သွန်နီနှင့် အရည်အသွေးကို အကဲဖြတ်ရန် အစမ်းတင်ပို့မှုကို ကနဦး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သဘောတူညီမှုကို အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် မီးဖိုချောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ဖိလစ်ပိုင်နိုင်ငံတကာကုန်သွယ်မှုကော်ပိုရေးရှင်း (PITC)၊ ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဦးစီးဌာန လက်အောက်ရှိ စက်ရုံနှင့်စက်မှုလုပ်ငန်းဗျူရိုတို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ သည် ဒီဇင်ဘာလတွင် ကြက်သွန်နီ တန်ချိန် ၂၁၀၀၀ တင်သွင်းနိုင်ချေရှိကြောင်း စက်ရုံနှင့် စက်မှုလုပ်ငန်းဗျူရိုက နိုဝင်ဘာလ ၂၇ရက်တွင် အသိပေးထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ခရစ္စမတ်ကာလအတွင်း ကြက်သွန်နီ ပြတ်လပ်မှုကို ရှောင်ရှားရန်နှင့် ဖြစ်ပေါ်လာနိုင်သော ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန်အတွက် ကြက်သွန်နီ ပမာဏကို လုံလောက်စွာ တင်သွင်းမည်ဖြစ်သောကြောင့် မြန်မာဘက်မှလည်း အဆိုပါ တင်သွင်းမှုတွင် ရောင်းချပေးနိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တရုတ်၊ အိန္ဒိယ၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ နယ်သာလန်နှင့် နယူးဇီလန်နိုင်ငံတို့မှနေ၍ ကြက်သွန်နီများ တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ကြက်သွန်နီကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့နေသော်လည်း တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်ကုန်သည်များကတစ်ဆင့် ရောင်းချနေရခြင်းဖြစ်သည့်အတွက် ကုန်ကျစရိတ် မြင့်မားသောကြောင့် တိုက်ရိုက်တင်ပို့နိုင်ရန် လုပ်ဆောင်နေခြင်းဖြစ်သည်။

ပြည်တွင်း၌ ကြက်သွန်နီကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး နှစ်စဉ် တန်ချိန် ငါးသောင်းကျော်ကို ပြည်ပဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

♦

## ယခုနှစ်အတွင်း နိုင်ငံ ငါးနိုင်ငံသို့ မြန်မာ့ပြောင်း တန်ချိန် တစ်သန်းခွဲခန့် တင်ပို့ထား

မြန်မာနိုင်ငံမှထွက်ရှိသည့် ပြောင်းကို ယခု ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံ ငါးနိုင်ငံသို့ တန်ချိန် တစ်သန်းခွဲခန့် တင်ပို့ထားနိုင်ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာ့ဒေသထွက် ပြောင်းကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကို တင်ပို့နေခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသို့ တင်ပို့မှု အများဆုံးဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောသည်။

"အခုနှစ် တစ်နှစ်လုံးဆိုရင် အဓိကကတော့ နယ်စပ်ကုန်သွယ်ရေးနဲ့ ထိုင်းနိုင်ငံရှိမယ်၊ တရုတ်နိုင်ငံရှိမယ်။ တစ်သန်းကျော်လောက်သွားထားတယ်။ ကျန်တာ ပုံမှန်ကုန်သွယ်ရေးပေါ့။ ဗီယက်နမ်တို့၊ အိန္ဒိယတို့၊ ဖိလစ်ပိုင်တို့ကို သင်္ဘောတွေနဲ့ တင်ပို့တာလည်းရှိတယ်။ အဲဒါက တန်ချိန် ငါးသိန်းလောက်ပေါ့။ အဲတော့ အခုပြီးခဲ့တဲ့ တစ်နှစ်လုံးကို တန်ချိန် တစ်သန်းခွဲလောက် တင်ပို့ထားတယ်။ အဓိက တင်ပို့တာက ထိုင်းနိုင်ငံဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယခု ၂၀၂၃ ခုနှစ်အတွင်း ပြည်ပနိုင်ငံများက မြန်မာ့ပြောင်း ဝယ်ယူမှုတွင် ထိုင်းနိုင်ငံတစ်ခုတည်းက တန်ချိန် တစ်သန်းကျော်အထိ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှလည်းကောင်း၊ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးမှလည်းကောင်း တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် လာမည့် ၂၀၂၄ ခုနှစ်တွင်လည်း ပြောင်းတင်ပို့မှုကို ထိုင်းနိုင်ငံတစ်ခုတည်းသို့ပင် တန်ချိန် တစ်သန်းကျော်ခန့် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ ပြောင်း စိုက်ပျိုးမှု ၅၅ ရာခိုင်နှုန်းခန့်ရှိသည့် ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးမှု အများဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်း တိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးမှုမှ ထွက်ရှိသမျှ ပြောင်း ၄၀ ရာခိုင်နှုန်းကို မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစာထုတ်လုပ်ခြင်း၊ မုန့်ဖုတ်ခြင်း၊ စားသောက်ကုန်နှင့် အရက်ချက်လုပ်ငန်းများကဲ့သို့သော ပြည်တွင်းစားသုံးမှုအဖြစ် အသုံးပြုပြီး ကျန် ၆၀ ရာခိုင်နှုန်းခန့်ကို ထိုင်း၊ တရုတ်၊ ဖိလစ်ပိုင်နှင့်ဗီယက်နမ်အပါအဝင် ပြည်ပနိုင်ငံများသို့တင်ပို့လျက်ရှိကြောင်း သိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက စုစုပေါင်း ၁ ဒသမ ၂ သန်းခန့်အထိရှိပြီး တန်ချိန် ၂ ဒသမ ၆ သန်းကျော်ထွက်ရှိကာ မြန်မာ့ထွက်ကုန် ပြည်ပတင်ပို့မှုများအနက် ဆန်ပြီးလျှင် ဒုတိယအများဆုံး ဝင်ငွေရရှိသည့် ကုန်စည်လည်းဖြစ်သည်။

ပန်းဆု-စုစည်းသည်

# " ကျန်းမာရေးနဲ့ ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ စားသောက်ကုန်တွေ ထုတ်လုပ်ရာမှာ အသေးစား၊ အလတ်စားလုပ်ငန်းတွေချည်းပဲလုပ်လို့ မရပါဘူး "

## မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပခဲ့သည်။ အဆိုပါအသင်းကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စားသောက်ကုန်ထုတ်လုပ်သူများ၏ ကုန်ထုတ်လုပ်မှုတိုးတက်လာစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းသည့် အရည်အသွေးမြင့်စားသောက်ကုန်များ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်ပဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်စေရန် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ပြည်တွင်းတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်ကုန်များအား ဈေးကွက်တွင်းထုတ်လုပ်မှု အခြေအနေနှင့် စားသောက်ကုန်ဈေးကွက်တွင် အသေးစားအလတ်စားလုပ်ငန်းများ ကြုံတွေ့နေရသည့် အခြေအနေများအား မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းရဲ့ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနား ကျင်းပခဲ့ပုံလေး ပြောပြပေးပါဦး။**

(၁၂) ကြိမ်မြောက် မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းရဲ့ နှစ်ပတ်လည် အစည်းအဝေးမှာ ပြောချင်တာကတော့ အသင်းကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့လာတာဆိုရင် အသင်းရဲ့ သက်တမ်းကတော့ ၁၇ နှစ်ရှိပါပြီ။ အသင်းက စတင်တည်ထောင်စဉ်ကတည်းကနေ ဒီကနေ့အထိ နိုင်ငံတော်က ချမှတ်ထားတဲ့လမ်းစဉ်များနဲ့ စားသောက်ကုန်များကို ကျန်းမာရေးနဲ့ ညီညွတ်ပြီးတော့ ကျန်းမာစေဖို့၊ ဘေးကင်းစေဖို့၊ နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဆောင်ရွက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာပါ။အခုချိန်မှာ ဘာတွေပိုပြီးတော့ တိုးတက်ကောင်းမွန်လာသလဲဆိုတော့ အားလုံးသိတဲ့အတိုင်း နိုင်ငံတော်မှာ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းက အကြီးအကျယ်လိုအပ်နေတဲ့အချိန်ဖြစ်တယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းတွေကို ဦးစားပေးပြီးတော့ ဆောင်ရွက်နေတဲ့အချိန်မှာ ကျွန်တော်တို့ စားသောက်ကုန်အသင်းအနေနဲ့ အံဝင်ခွင်ကျ သွားဖြစ်တာပေါ့။ ဒါက ပြည်ပကနေ သွင်းလာမယ့်ပစ္စည်းတွေ နည်းပါးသွားပေမယ့် ပြည်တွင်းမှာ ကျွန်တော်တို့ စိုက်ပျိုးမွေးမြူရေးကနေ ထွက်ရှိလာမယ့် ကုန်ကြမ်းတွေကို ကုန်ချောထုတ်ပြီးတော့ ပြည်တွင်းမှာလည်း စားသုံးမယ်။ ပြည်ပကိုလည်း ရောင်းချမယ်။ အဲလိုဆိုရင်တော့ နိုင်ငံတော်ရဲ့ ဒေါ်လာဆုံးရှုံးမှု နည်းသွားမှာ ဖြစ်ပါတယ်။ ဒီအတွက်ကို ရည်ရွယ်ပြီးတော့ ဒီအသင်းကို ဖွဲ့စည်းထားခြင်းဖြစ်တယ်။

**စားသောက်ကုန်ထုတ်လုပ်တဲ့နေရာမှာ ပြည်တွင်းလုပ်ငန်းရှင်တွေ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေရှိရင် ပြောပြပေးပါဦး။**

စိန်ခေါ်မှုတွေကတော့ ကျွန်တော်တို့နိုင်ငံမှ မဟုတ်ပါဘူး။ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေကြတာပါ။ အဲတော့ အခက်အခဲလေးတွေကတော့ ကုန်ကြမ်းပစ္စည်းရှားပါးမှု၊လျှပ်စစ်ဓာတ်အား မမှန်မှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒါတွေအားလုံး ကြုံတွေ့နေရတာ လူတွေအားလုံးသိပါတယ်။ ဒီအခက်အခဲတွေရှိပါတယ်။ ဒါတွေကိုလည်း စိန်ခေါ်မှုအားလုံးကို ရင်ဆိုင်ဖြေရှင်းနေရတယ်။ ကုန်ပစ္စည်းတွေ များများထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်း စက်မှုလုပ်ငန်းတွေက ဖွံ့ဖြိုးတိုးတက်လာမယ်။ အဲဒီလို ဖွံ့ဖြိုး တိုးတက်လာမယ်ဆိုရင် ပြည်တွင်း ချမ်းသာလာမယ်။ ပြည်တွင်းမှာ ချမ်းသာလာတယ်ဆို အားလုံးကို ဝိုင်းဝန်းစောင့်ရှောက်နိုင်မှာပေါ့။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ ချမ်းသာရင် နိုင်ငံတော်က အခွန်အခလည်းရရှိမယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်စောင့်ရှောက်ရမယ်။ ဒါ့ကြောင့်မို့ ပြည်တွင်းထုတ်ကုန်တွေ တိုးတက်လာဖို့ နိုင်ငံတော်က အားပေးတယ်။ အဲလိုအားပေးတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ ဈေးကွက်မှာ နေရယူတက်ဖို့လိုတယ်။ စေတနာကောင်းကောင်းနဲ့ ကြိုးစားအားထုတ်ပြီးတော့ ဈေးကွက်ကို အမိအရယူမယ်ဆိုရင် ပြည်တွင်း စက်မှုလုပ်ငန်းတွေ



ထွန်းကားလာမယ်။ ဒါဟာ တကယ့်တိုင်းပြည်ရဲ့ မောင်းနှင်အားလည်းဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ဂျီဒီပီလည်း တိုးတက်လာမှာဖြစ်ပါတယ်။

**အသေးစား၊ အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဘယ်လိုလုပ်ဆောင်သွားဖို့ရှိပါသလဲ။**

အခုချိန်မှာ နိုင်ငံတော်အနေနဲ့ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ အထူးသဖြင့် MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေး ဆောင်ရွက်နေတာကို မြင်တွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာဟာ ပြည်တွင်းမှာထုတ်လုပ်တဲ့ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်က တိုးတက်တာပါ။ တိုင်းပြည်ရဲ့ အဓိက မောင်းနှင်အားလည်းဖြစ်ပါတယ်။

**စားသောက်ကုန် အရည်အသွေး စစ်ဆေးရာမှာ အရေးပါတဲ့ FIDSL ဓာတ်ခွဲခန်းအကြောင်းလည်း ပြောပြပေးပါဦး။**

ကျွန်တော်တို့အသင်းမှာ ထူးခြားချက်တစ်ခုအနေနဲ့ကတော့ စားသောက်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ဖို့ အရည်အသွေး မှန်ကန်မှု ရှိ-မရှိကို စမ်းသပ်ပေးနေတဲ့ FIDSL ဆိုတဲ့ ဓာတ်ခွဲခန်း ရှိပါတယ်။ ဒီဓာတ်ခွဲခန်းကို ဂျပန်အကူအညီ၊ အသင်းသူ၊ အသင်း

## တိုဗွ

သားတွေရဲ့ ရန်ပုံငွေ ထည့်ငွေအလှူငွေများနဲ့ ကြိုးကြိုးစားစား ထူထောင်ခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် တစ်စနဲ့တစ်စ ပိုမိုတိုးတက်လာပြီး နိုင်ငံတကာအသိအမှတ်ပြုတဲ့ ISO/IEC 17025 : 2017 လက်မှတ်လည်းရရှိခဲ့ပြီးဖြစ်ပါတယ်။ ဓာတ်ခွဲခန်းမှာရှိတဲ့ ပညာရှင်တွေ၊ဝန်ထမ်းတွေကိုလည်း စနစ်တကျပြုစုပျိုးထောင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဓာတ်ခွဲခန်းမှာ တိကျမှန်ကန်တဲ့ အဖြေတွေကို ရက်ချိန်းမှန်မှန်၊ ဈေးနှုန်းသက်သက်သာသာနဲ့ စားသောက်ကုန် ထုတ်လုပ်သူတွေကို တာဝန်ကျေစွာ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ကျန်းမာရေးနဲ့ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ စားသောက်ကုန်ပစ္စည်းတွေ ထုတ်လုပ်ရာမှာ အသေးစား၊ အလတ်စား လုပ်ငန်းတွေချည်းပဲ လုပ်လို့လည်းမရပါဘူး။ သူနဲ့ပတ်သက်နေတဲ့ ကုန်ကြမ်းပစ္စည်းတွေကိုလည်း ရရှိနိုင်စေမယ့် တောင်သူလယ်သမား အလုပ်သမားများရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ သူတို့အနေနဲ့ကလည်း သူတို့စိုက်ပျိုးထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ် ကျင့်စဉ်တွေနဲ့ စိုက်ပျိုးထုတ်လုပ်ဖို့ အရေးကြီးပါတယ်။ ဒါမှ သူတို့ကုန်ကြမ်းပစ္စည်းတွေမှာ မှိုတွေကင်းစင်မယ်၊ ဘေးအန္တရာယ်ကင်းရှင်းမယ်ဆိုရင် ကျွန်တော် တို့ ထုတ်လုပ်တဲ့နေရာမှာလည်း အရည်အသွေးကောင်းမွန်မှာဖြစ်တယ်။ ဒါကြောင့်မို့ ကုန်ကြမ်းကောင်းမှ ကုန်ချောကောင်းမှာဖြစ်ပါတယ်။ အဲလိုထွက်ရှိလာတဲ့ ကုန်ကြမ်းပစ္စည်းတွေကို စက်မှုလက်မှုထုတ်လုပ်နေတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းများဟာ ကျန်းမာရေးနဲ့ညီညွတ်စေတဲ့ အသိပညာတွေနဲ့ ထုတ်လုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြည်တွင်းစားသုံးသူ ၅၄ သန်းသော ပြည်သူများလည်း အခိုင်အမာရှိပြီးဖြစ်ပါတယ်။ အဲဒီ ပြည်သူများက ထုတ်ကုန်ပစ္စည်းတွေကို ယုံယုံကြည်ကြည်နဲ့ သုံးစွဲတဲ့အတွက် ထုတ်လုပ်တဲ့သူတွေအနေနဲ့လည်း စေတနာမှန်မှန်နဲ့ ထုတ်လုပ်ဖို့အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။

> **အခုချိန်မှာ နိုင်ငံတော်အနေနဲ့ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ အထူးသဖြင့် MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေး ဆောင်ရွက်နေတာကို မြင်တွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာဟာ ပြည်တွင်းမှာထုတ်လုပ်တဲ့ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်က တိုးတက်တာပါ။ တိုင်းပြည်ရဲ့ အဓိက မောင်းနှင်အားလည်းဖြစ်ပါတယ်။**

## ပုဇွန်တောင်မြို့နယ်ဈေးကွက်တွင် ရောင်းချနေသော အခြေခံစားသောက်ကုန်ဈေးနှုန်းများ



ဒီဇင်ဘာလ၊ ဒုတိယပတ်အတွင်း ပုဇွန်တောင်မြို့နယ်၌ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ကြမ်း/ချော အမျိုးအစားအလိုက် (ထိပ်စ/လတ်စ/နိမ့်စ)များတွင် ဧည့်မထ တစ်အိတ်လျှင် ကျပ် ၈၇၅၀၀-၈၅၅၀၀-၈၀၀၀၀၊ မနောသုခ တစ်အိတ်လျှင် ကျပ် ၉၄၅၀၀-၉၀၀၀၀-၈၅၅၀၀ ထိလည်းကောင်း၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်အိတ်လျှင် ကျပ် ၁၆၆၅၀၀-၁၆၂၀၀၀-၁၅၇၀၀၀ထိ၊ပေါ်ဆန်းမွှေး(ပုသိမ်)တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀ ဖြင့်လည်းကောင်း၊ ပေါ်ဆန်းမွှေး (ဖျာပုံ)တစ်အိတ်လျှင် ကျပ် ၁၃၅၅၀၀ ဖြင့်လည်းကောင်း၊ ပေါ်ဆန်းမွှေး(မြောင်းမြ) တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ဖြင့်လည်းကောင်း၊ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ပဲဆီ(ရှယ်) တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်နီဆိုဒ်စုံတစ်ပိဿာလျှင်ကျပ်၃၈၀၀-၅၂၀၀ -၅၄၀၀၊ ကြက်သွန်ဖြူ(ဥ) တစ်လုံး တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀- ၂၀၀၀၀၊ကြက်သွန်ဖြူ(အမွှာ)တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၃၅၀၀ - ၃၈၀၀ ၊နနွင်းမှုန့် တစ်ပိဿာလျှင်ကျပ် ၁၂၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ အိုင်အိုဒင်းဆား/ရိုးရိုးဆား တစ်ထုပ်လျှင် ကျပ် ၅၀၀၊ ငရုတ်တောင့် (ရှည်) တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ ငရုတ်တောင့်(ပု) တစ် ပိဿာလျှင် ကျပ် ၂၄၀၀၀၊ မြန်မာပဲနီလေး တစ်ပိဿာလျှင် ကျပ်၁၃၀၀၀၊ ပဲဝါလေး တစ်ပိဿာလျှင် ကျပ် ၄၄၀၀၊ကုလားပဲခြမ်း တစ်ပိဿာလျှင် ကျပ်၆၄၀၀၊ ချင်း တစ်ပိဿာလျှင် ကျပ်၇၀၀၀-၈၀၀၀ဖြင့်လည်းကောင်း၊ ပုစွန်ခြောက်(ကြီး) တစ်ပိဿာလျှင် ကျပ် ၇၅၀၀၀၊ ပုစွန်ခြောက်(လတ်) တစ်ပိဿာလျှင် ကျပ် ၆၅၀၀၀၊ ပုစွန်ခြောက်(သေး) တစ်ပိဿာလျှင် ကျပ် ၅၀၀၀၀ နှင့် ငါးကျည်းခြောက် တစ်ပိဿာလျှင် ကျပ် ၆၅၀၀၀-၇၀၀၀၀ အလားတူ ဝက်သား တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ - ၁၇၀၀၀၊ ဘဲသား တစ်ပိဿာလျှင် ကျပ်၁၃၀၀၀-၁၄၀၀၀၊ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၂၈၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ မွေးမြူရေးကြက် တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀-၁၁၀၀၀၊ မြန်မာကြက် တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀-၂၃၀၀၀ ငါးကြင်း တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀-၁၅၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၇၀၀၀-၇၅၀၀ နှင့် ပင်လယ်ငါး တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၇၀၀၀ ထိလည်းကောင်း ဈေးနှုန်းအသီးသီးဖြင့် ရန်ကုန်တိုင်းဒေသကြီးပုဇွန်တောင်ဈေးအတွင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ EAST-DOCA

## ကရင်ပြည်နယ်ဒေသထွက် ဖူးစားပြောင်းဈေးကွက်

ကရင်ပြည်နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းကိုလည်း တောင်သူများအနေဖြင့် စီးပွားဖြစ် စိုက်ပျိုးကြသည်။ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် ဖူးစားပြောင်း ၂၄၈၆ ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရှိရသည်။

ဖူးစားပြောင်း စိုက်ပျိုးမှုတွင် တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၄၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဖူးစားပြောင်းကို ဘားအံခရိုင်၊ ကြာအင်းဆိပ်ကြီးခရိုင်နှင့် မြဝတီခရိုင်တို့တွင် စီးပွားဖြစ် စိုက်ပျိုးကြပြီး ကျန်ခရိုင်များတွင်လည်း မိသားစုစားသုံးရန်အတွက် စိုက်ပျိုးကြသည်။ စိုက်ပျိုးမှုအနေဖြင့် သကြားပြောင်းကို အဓိက စိုက်ပျိုးကြပြီး ထောပတ်ပြောင်းအား အနည်းငယ် စိုက်ပျိုးကြသည်။

ဒေသခံတောင်သူများအနေဖြင့် ထွက်ရှိလာသောပြောင်းဖူးများကို ဘားအံမြို့ပေါ်ဈေးများရှိ ဟင်းသီးဟင်းရွက်ဒိုင်များသို့ လက်ကားစနစ်ဖြင့်လည်းကောင်း ဒေသတွင်း စားသုံးသူပြည်သူများသို့ ကိုယ်တိုင်ရောင်းစနစ်ဖြင့် လည်းကောင်း ပြန်လည်ရောင်းချကြသည်။ ဘားအံမြို့ ရေပေါ်စံပြဈေးတွင် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများမှာ သကြားပြောင်းဖူး အစိမ်းတစ်ဖူးလျှင် ကျပ်၄၀၀၊ ထောပတ်ပြောင်း အစိမ်းတစ်ဖူးလျှင် ကျပ် ၄၀၀ ဖြစ်ပြီး ပြောင်းဖူးပြုတ် တစ်ဖူးလျှင်ဖူးကြီး ကျပ် ၈၀၀၊ ဖူးသေးတစ်ဖူးလျှင် ကျပ် ၅၀၀ တို့ဖြင့် ဈေးကောင်းရ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

ပြောင်းဖူးတွင် ဗီတာမင် B1၊ ဗီတာမင် B5၊ ဗီတာမင် C ၊ ဖော့စရပ်စ်၊ မဂ္ဂနီစ်နှင့်အမျှင်ဓာတ်များအမိုင်နိုအက်ဆစ်ဓာတ်နှင့် အသားဓာတ်များလည်း ပါဝင်ပါသည်။ အမျှင်ဓာတ် ပါဝင်မှုမြင့်မားသည့်အတွက် သွေးတွင်း ကိုလက်စထရောကို လျော့ကျစေပြီး အူမကြီးကင်ဆာ ဖြစ်နိုင်ခြေကို လျော့ကျစေသည်။ သွေးတွင်း သကြားဓာတ်ပမာဏကို လျော့ကျစေသည့်အတွက် ဆီးချိုသမားများ စားသုံးသင့်သည်။

ပြောင်းဖူးတွင် ပါဝင်သည့် ဗီတာမင် B1 သည် မှတ်ဉာဏ်စွမ်းအားကို တိုးမြင့်စေသည့်အတွက် ကလေးသူငယ်များလည်း စားသုံးသင့်သည်။ ပြောင်းဖူး စားသုံးခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး မိသားစုအတွက်လည်း စီးပွားဖြစ် ဝင်ငွေတိုးသောကြောင့် ပြောင်းဖူးသီးနှံများကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ZAR(DOCA-Kayin)

## ကန့်ဘလူခရိုင်တွင် ရောင်းချနေသော ဒီဇင်ဘာလ ဒုတိယပတ် ရေထွက်ကုန် ပုစွန်ခြောက်၊ ငါးခြောက်ဈေးနှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ မြို့မဈေးတွင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရောင်းချလျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ရောင်းချနေသော ရေထွက်ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင် ပထမပတ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ် ပြောင်းလဲမှုရှိပြီး ပုဇွန်ခြောက်(အချို)တစ်ပိဿာလျှင် ကျပ် ၅၀၀၀၀၊ ငါးပုတ်သင်ခြောက်(အကြီး)တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ ငါးပုတ်သင်(အသေး)တစ်ပိဿာလျှင် ကျပ် ၁၁၅၀၀၊ ငါးကြီးသားခြောက် တစ်ပိဿာလျှင် ကျပ် ၄၂၀၀၀၊ မြီးဆံသွယ်ခြောက် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ မိသားစုခြောက် တစ်ပိဿာလျှင် ကျပ် ၁၇၅၀၀ ၊ လသာခြောက်(အချို)တစ်ပိဿာလျှင် ကျပ် ၁၂၅၀၀၊ လသာခြောက် (အငံ) တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ငါးရောင်ခြောက် တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀၊ ပလာတူးခြောက် တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ နှင့် ငါးရံ့ခြောက် အကောင်သေး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ငါးခြောက် ရောင်းချသည့်ဈေးဆိုင်လုပ်ငန်းရှင်ထံမှ သိရသည်။

**ဝင်းသန်း(ကျွန်းလှ)**



## မုံရွာမြို့ ချင်းတွင်းရတနာဈေးအတွင်း ရောင်းချနေသော အခြေခံ စားကုန်ဈေးနှုန်းများ အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ဈေးများတွင် ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ရွှေဘိုပေါ်ဆန်း(သစ်) တစ်အိတ် လျှင် ကျပ် ၉၅၀၀၀၊ ရွှေဘို ပေါ်ဆန်း(ဟောင်း) တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဧရာမင်း(ဆန်) (သစ်) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဧရာမင်း(ဆန်) (ဟောင်း) တစ်အိတ် လျှင် ကျပ် ၁၄၅၀၀၀၊ ဧည့်မထဆန်(သစ်) တစ်အိတ် လျှင် ကျပ် ၆၅၀၀၀၊ စားသုံးဆီတစ်ပိဿာဈေးနှုန်းများမှာ ပဲဆီ ကျပ် ၁၂၅၀၀၊ နှမ်းဆီကျပ် ၁၂၅၀၀၊ နေကြာဆီ ကျပ် ၁၂၅၀၀၊ စားအုန်းဆီ ကျပ် ၅၄၇၀၊ ကုန်ခြောက်တစ်ပိဿာဈေးနှုန်းများမှာ ဆား ကျပ်၇၀၀ မှ ၈၀၀၊ ငရုတ်ခြောက် ကျပ် ၁၃၀၀၀ မှ ၁၄၀၀၀၊ ကြက်သွန်နီ ကျပ် ၃၀၀၀ မှ ၃၃၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) ကျပ် ၁၂၀၀၀ မှ ၁၂၀၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) ကျပ် ၁၄၅၀၀ မှ ၁၅၀၀၀၊ အာလူး ကျပ် ၃၂၀၀ မှ ၃၅၀၀၊ မန်ကျည်းသီးမှည့်လျှင် ကျပ် ၂၈၀၀ မှ ၃၀၀၀၊ နနွင်းတက် ကျပ် ၉၂၀၀မှ ၉၅၀၀ ဖြစ်သည်။ ခရမ်းချဉ်သီး(တစ်ပိဿာ) ကျပ် ၂၀၀၀၊ ဂေါ်ဖီထုပ် (တစ်ထုပ်) ကျပ် ၁၀၀၀၊ ပဲသီး(ပဲထောင့်ရှည်)(တစ်စီး)ကျပ် ၆၀၀ဖြစ်သည်။ အသားငါး တစ်ပိဿာဈေးနှုန်းများမှာ ကြက်သား ကျပ် ၁၀၀၀၀ မှ ၁၁၀၀၀၊ ဝက်သား ကျပ် ၁၈၀၀၀ မှ ၁၉၀၀၀၊ အမဲသား ကျပ် ၁၆၀၀၀ မှ ၁၇၀၀၀၊ ဆိတ်သား ကျပ် ၂၀၀၀၀ မှ ၂၂၀၀၀၊ ငါးမြစ်ချင်း ကျပ် ၁၁၀၀၀ မှ ၁၂၀၀၀ နှင့် ကြက်ဥတစ်လုံးလျှင် ကျပ် ၂၅၀၊ ဘဲဥ တစ်လုံးလျှင် ကျပ် ၃၅၀ ဖြစ်သည်။ ဖရဲသီး (ကျောက်စိမ်း) တစ်လုံးလျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀၊ ဖရဲသီး (၂၁၁) တစ်လုံးလျှင် ကျပ် ၁၀၀၀-၃၀၀၀ အတွင်း အသီးသီးဈေးရှိကြောင်း သိရသည်။

ယခင်ပတ်နှင့် နှိုင်းယှဉ်ပါက အခြေခံစားကုန်များဖြစ်သည့် မန်ကျည်းသီးဈေးနှုန်း အနည်းငယ်ကျနေပြီး စားအုန်းဆီဈေးနှုန်းများ ရည်ညွှန်းဈေးအပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း ချင်းတွင်းရတနာဈေးရှိ လက်လီလက်ကား ရောင်းဝယ်ဖောက်ကား ရောင်းချနေသော ကုန်သည်များထံမှ သိရှိရသည်။ **တင်တင်ဝင်း(မုံရွာ)**

# ထိုင်းချိုင်(ခေါ် )ရာသီ ချိုပ်စပါး စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဈေးကောင်းရ

ထိုင်းချိုပ်(ခေါ်) ရာသီစပါးဖြစ်သည့် ချိုပ်စပါးကို ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်ရှိ ကျေးရွာအနှံ့အပြားတွင် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီး ကျေးရွာရှိတောင်သူများသည် ချိုပ်စပါးကို စတင်၍စမ်းသပ်စိုက်ပျိုးခဲ့သည်။ ချိုပ်စပါးကို ၂၀၂၂-၂၀၂၃ခုနှစ် မိုးစပါး ရာသီချိန်ဖြစ်သည့် ဇူလိုင်လအတွင်း ပျိုးထောင်၍ ဩဂုတ်လ အတွင်းတွင် စိုက်ပျိုးရကြောင်း စိုက်ပျိုးသူ တောင်သူနှင့် ဆက်သွယ်မေးမြန်းမှုအရ သိရှိရ သည်။

### တစ်ဧကကုန်ကျစရိတ်

၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဝယ်ယူရသည့် ချိုပ်မျိုး စပါး ဈေးနှုန်းမှာတစ်တင်းလျှင် ကျပ် ၇၀၀၀၀ဈေးနှုန်းဖြင့် လယ်မြေ တစ်ဧကလျှင် ချိုပ်မျိုးစပါး နှစ်တင်းနှုန်း အသုံးပြုရသဖြင့် မျိုးဖိုး ကျပ် ၁၄၀၀၀၀ ကုန်ကျကြောင်း၊ လယ်ကို မစိုက်ပျိုးမီ ပထမဦးစွာ စက်ခုတ်ပြီး ထယ်ရေးပြုပြင်ရသဖြင့် လယ်တစ် ဧကလျှင် စက်ခုတ်ခ ကျပ် ၁၀၀၀၀၀ ကုန်ကျကြောင်း၊ ကန်သင်းခုတ်ခ နှင့် အမှိုက်ကောက်ခ ကျပ် ၃၀၀၀၀ ကုန်ကျကြောင်း၊ ချိုပ်စပါးကို ပျိုးထောင်ပြီး ၂၀ ရက်သားတွင် ပျိုးနုတ်၍ စိုက်ပျိုးရပြီး ပျိုးနုတ်ခ ကျပ် ၈၀၀၀၀ ပေးရကြောင်း၊ ပျိုးနုတ်ပြီးပါက စိုက်မည့် လယ်မြေထဲတွင် ပြန်၍ စိုက်ပျိုးရပြီး ကောက်စိုက်ခ ကျပ် ၈၀၀၀၀ ပေးရကြောင်း၊ စိုက်ပြီး ရက် ၂၀ အချိန်တွင် အပင်များကြားထဲသို့ အမှိုက်ကောက်ရကြောင်း၊ အမှိုက်ကောက်ခ ကျပ်၅၀၀၀၀ပေးရကြောင်း၊ ဓာတ်မြေဩဇာ အမျိုးအစားအပေါ် မူတည်၍ တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ပေးရကြောင်း၊ အပင်များ ကြီးထွားသန်မာစေရန် အပင်အပေါ် မူတည်၍ ဓာတ်မြေဩဇာ တစ်အိတ်မှ နှစ်အိတ် ကျွေးကြကြောင်း၊ တစ်ဧကကို ဓာတ်မြေဩဇာ နှစ်အိတ်ကျွေးပါက ကျပ် ၃၄၀၀၀၀ ကုန် ကျကြောင်း၊ ပိုးမွှား မကျစေရန် ပိုးသတ်ဆေးနှင့် အပင်အားဆေး ဖျန်းရကြောင်း၊ ပိုးသတ်ဆေးကို တစ်ခါဖျန်းလျှင် ဖျန်းခနှင့် ဆေးဖိုးအပါအဝင် ကျပ် ၄၀၀၀၀ ပေးရပြီး တစ်ဧကလျှင် မရိတ်သိမ်းမီ အချိန်ထိ ပိုးသတ်ဆေး လေးခါ ဖျန်းရသဖြင့် ကျပ် ၁၆၀၀၀၀ ကုန်ကျကြောင်း သိရသည်။ ထို့အပြင် ချိုပ်စပါးသည် အခြားစပါးများဖြစ်သည့် ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း စသည့် စပါးများနည်းတူ ပြုစုပျိုးထောင်ရကြောင်း၊ ချိုပ်စပါး ရိတ်ရာတွင် လယ်မြေ အနီးအဝေးအပေါ် မူတည်၍ စက်ကြီးရိတ်ခ တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ မှ ၁၈၀၀၀၀ ပေးရပြီး ရိတ်ပြီးသား ချိုပ်စပါးကို အိမ်အရောက် သယ်ယူရာတွင် သယ်ယူစရိတ် ကျပ် ၁၀၀၀၀ ပေးရသဖြင့် တစ်ဧက ကုန်ကျစရိတ် ကျပ် ၁၁၄၀၀၀၀ ကုန်ကျကြောင်း သိရှိရသည်။

### တစ်ဧကအထွက်နှုန်းနှင့် အကျိုးအမြတ်ရရှိမှု

အနှံစထွက်ပါက စပါး၏အရောင်သည် အဖြူနှင့်အစိမ်း ရောင်စထွက်ပြီးနောက် တစ်လခန့်အကြာတွင် ခရမ်းပုပ်ရောင်သို့ ပြောင်းလဲကြောင်း၊ ခရမ်းပုပ်ရောင်မှတစ်ဆင့် စပါးနှံရင့်သည့်အချိန်တွင် အုန်းခွံရောင်အဖြစ်သို့ ပြောင်းလဲလာကြောင်း၊ ချိုပ်စပါးကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှ ဝယ်ယူကြောင်း၊ ချိုပ်စပါးစိုက်သည့် တောင်သူကို မေးမြန်းရာတွင် တစ်ဧကလျှင် တင်း ၇၀ မှ ၈၀ ထွက်ရှိကြောင်း၊ ယခုပေါ်ချိန်ဈေးနှုန်းမှာ ချိုပ်စပါးတင်း ၁၀၀ လျှင် ကျပ် ၃၈၀၀၀၀၀ မှ ၄၀၀၀၀၀၀ ထိဈေးနှုန်းရှိကြောင်း၊ ချိုပ်စပါး စောထွက်သည့် တောင်သူများမှာ မိုးလေဝသရာသီဥတုကို စိုးရိမ်၍ ရောင်းချရာ ကျပ် ၃၈၀၀၀၀၀ သာ ရရှိကြောင်း၊ တစ်ဧကအထွက်နှုန်း တင်း ၇၀ နှင့် တွက်ချက်ပါက တစ်ဧကလျှင် ကျပ် ၂၆၆၀၀၀၀ ရရှိပြီး ကုန်ကျစရိတ်မှာ ကျပ် ၁၁၄၀၀၀၀ ကုန်ကျ၍ တစ်ဧက အကျိုးအမြတ်မှာ ကျပ် ၁၅၂၀၀၀၀ ရရှိကြောင်း သိရှိရသည်။

ထိုင်းချိုပ်(ခေါ်) ရာသီစပါးဖြစ်သည့် ချိုပ်စပါး စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဈေးကောင်းရ၍ စပါးပေါ်ချိန် ရောင်းချသော်လည်း တစ်ဧကကုန်ကျစရိတ် ၁၃၃ ရာခိုင်နှုန်း အကျိုးအမြတ်ရရှိသဖြင့် တောင်သူကြီးများအတွက် တွက်ချေကိုက်ပြီး ဈေးနှုန်းဈေးကွက်ကောင်းသည့် ချိုပ်စပါးကို နောင်နှစ်များတွင်လည်း တွင်တွင်ကျယ်ကျယ် စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

**နီနီမြင့်(ကြီး/ရေး)**





# ရှမ်းပြည်နယ်(တောင်ပိုင်း)မှ လိမ္မော်သီးဈေးကွက်

လိမ္မော်သီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ယခုလို မိုးအကုန် ဆောင်းအကူးရာသီဥတုတွင် ပေါ်ဦးပေါ်ဖျားဖြစ်သော ရာသီစာ သီးနှံ တစ်မျိုးဖြစ်ပြီး ရှမ်း(တောင်)၏ဈေးကွက်တွင် ဈေးကောင်းရရှိနေသော အသီးတစ်မျိုးဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လိမ္မော်သီးကို ရပ်စောက်မြို့၊ ရွာငံ၊ ပင်လောင်း၊ တောင်ကြီးမြို့နယ်များတွင် အများဆုံး စိုက်ပျိုးကြပြီး တောင်ကြီးမြို့ရှိ ကျောက်တလုံးကြီးမြို့၊ ပင်တွန်ကျေးရွာ အုပ်စု၊ ထီခေါင်းကျေးရွာမှထွက်ရှိသော လိမ္မော်သီးမှာအလုံးကြီး၍ အရသာ ချိုကြောင်း သိရှိရသည်။

ကျောက်တလုံးလိမ္မော်သီးသည် လိမ္မော်ပင်များမှ ကိုင်းဆက် မစိုက်ပျိုးခြင်းမဟုတ်ဘဲ သဘာဝအတိုင်း စိုက်ပျိုးကြခြင်းဖြစ်သည်။ သဘာဝ လိမ္မော်ပင်မှရသော လိမ္မော်သီးများသည် အလုံးကြီးပြီး အရသာမှာချိုသော ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကျောက်တစ်လုံးလိမ္မော်သီးမှာ ဈေးကွက်ဝင်ပြီး ရောင်းကောင်းလျက်ရှိကြောင်း သိရှိရသည်။ လိမ္မော်သီး စားခြင်းဖြင့်ရရှိလာသော ကျန်းမာရေးအကျိုးကျေးဇူးများမှာ များလှပါ သည်။

လိမ္မော်သီးသည် အမူးအမော ပြေစေပြီး ခံတွင်းရှင်းစေခြင်း၊ ကင်ဆာ ရောဂါ ကာကွယ်ပေးနိုင်ခြင်း၊ ကိုလက်စထရော လျော့ကျစေခြင်း၊ သွေးဖိအားကျစေခြင်း၊ အဆစ်အမြစ် ရောင်ခြင်း/ကိုက်ခြင်း သက်သာစေနိုင်ခြင်း၊ ခုခံစွမ်းအားတိုးစေခြင်း၊ ကျောက်ကပ်တွင် ကျောက်တည်ခြင်းကို ကာကွယ် နိုင်ခြင်း၊ ဆီးချိုရောဂါကိုလျော့ကျစေခြင်း၊ ခန္ဓာကိုယ်တွင်း နာကျင်မှုနှင့် မျက်လုံး၊ ဦးနှောက်၏ လုပ်ဆောင်ချက်များကို အထောက်အကူပြုစေခြင်း၊ အရေပြားနှင့်ဆံသားကို ကျန်းမာစေခြင်း၊ အစာခြေစနစ်ကို ကောင်းမွန်သောကြောင့် ဝိတ်ကျစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။

၎င်းဒေသမှထွက်ရှိသော လိမ္မော်သီးများကို တောင်ကြီး၊ ညောင်ရွှေ၊ အောင်ပန်းနှင့် ကလော စသည့် ဈေးများတွင် အဓိကထား ရောင်းချပြီး အခြားမြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ ဈေးနှုန်း အနေဖြင့် အလုံးအသေး၊အကြီးအပေါ် မူတည်ပြီး အလုံးအကြီး၁၀လုံးလျှင် ကျပ် ၂၅၀၀ မှ ၃၀၀၀ နှင့် အလုံးအသေး ၁၀လုံးလျှင် ကျပ် ၂၀၀၀မှ ၂၅၀၀ထိ ရောင်းချလျက်ရှိ ကြောင်းသိရှိရသည်။

**သန်းသန်းစိုး(တောင်ကြီး)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက**
**အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)
## စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ဗီယက်နမ်နှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ကျူအာရ်ကုဒ် ငွေပေးချေမှုစနစ် စတင်အသုံးပြု

ဗီယက်နမ်နှင့် ကမ္ဘောဒီးယားကြား နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ငွေပေးချေမှုစနစ်အရ နှစ်နိုင်ငံပြည်သူများအနေဖြင့် QR ကုဒ်များကို စကင်န်ဖတ်ကာ ၎င်းတို့၏ ဒေသသုံး ငွေကြေးဖြင့် တစ်ဖက်နိုင်ငံ၌ ငွေပေးချေမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း VN Economy အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

နှစ်နိုင်ငံဖြတ်ကျော် QR ပေးချေမှု ချိတ်ဆက်မှု စတင်နိုင်ခြင်းမှာ ဗီယက်နမ် နိုင်ငံတော်ဘဏ်နှင့် ကမ္ဘောဒီးယား အမျိုးသားဘဏ်တို့အကြား နားလည်မှု စာချွန်လွှာ(MoU)ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၈ ရက်က လက်မှတ်ရေးထိုးခဲ့ခြင်း၏ရလဒ်ဖြစ်သည်။

ငွေပေးချေမှုစနစ်သည် သုံးစွဲသူပြည်သူများအနေဖြင့် ကုန်ပစ္စည်းဝယ်ယူခြင်းအတွက် ဗီယက်နမ်တွင် ခမာရီးယလ် (KHR) ဖြင့် ပေးချေနိုင်ပြီး ကမ္ဘောဒီးယားတွင် ဗီယက်နမ် ဒေါင် (VND) ကို အသုံးပြုနိုင်သည့် ငွေပေးချေမှုစနစ်ဖြစ်သည်။ ခန့်မှန်းခြေ ကမ္ဘောဒီးယားကုန်သည် ၁ ဒသမ ၈ သန်းခန့်က KHOR ကုဒ်များဖြင့် စကင်န်ဖတ် ပေးချေနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ KHQR သည် ကမ္ဘောဒီးယားတွင် လက်လီငွေပေးချေမှုများအတွက် ဖန်တီးထားသော နာမည်ကြီး QR ကုဒ်စနစ်တစ်ခုဖြစ်သည်။



အဆိုပါ ငွေပေးချေမှုစနစ်သုံးစွဲမှုသည်နှစ်နိုင်ငံကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ခရီးသွားလာရေးကဏ္ဍနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုကိုလည်းမြှင့်တင်ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(စီးပွားရေးသံမှုူး၊ ဗီယက်နမ်)**

## ရုရှားနိုင်ငံမှ ဆန်တင်ပို့မှု တားမြစ်ချက်ကို ခြောက်လ သက်တမ်းတိုးမည်

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ရုရှားနိုင်ငံမှဆန်နှင့်ဆန်စပါး တင်ပို့မှုတားမြစ်ချက်အား သက်တမ်းတိုးရန် အဆိုပြုထားကြောင်း ၎င်း သက်ဆိုင်ရာ ဥပဒေမူကြမ်းကို အစိုးရ၏တရားဝင် Website ပေါ်တွင် ဖော်ပြထားသည်။

အဆိုပါ ဥပဒေမူကြမ်းတွင် ရုရှားမှ ယူရေးရှား စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အခြားပြည်ပနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် တင်ပို့သည့် ဆန်များအား ပိတ်ပင်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

နိုဝင်ဘာလကုန်တွင် ရုရှားစိုက်ပျိုးရေးဝန်ကြီး Mr. Dmitry Patrushev က ရုရှားနိုင်ငံသည် လက်ရှိစိုက်ပျိုးရာသီတွင် လူမှုရေးအရ အရေးပါသောသီးနှံများဖြစ်သည့် ဆန်နှင့်ဂျုံထုတ်လုပ်နိုင်မှုသည် သိသာစွာတိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။ ဆန်စပါး စုစုပေါင်း ရိတ်သိမ်းနိုင်မှုသည် တန်ချိန် ၁ ဒသမ ၁ သန်းကျော်လွန်ခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၄ရာခိုင်နှုန်း ပိုများသည်။

ရုရှားတွင် ဆန်နှင့် ဆန်စပါးတင်ပို့မှု ယာယီတားမြစ်ချက်ကို ၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ခဲ့ပြီး ပို့ကုန် ကန့်သတ်ချက်အား ခြောက်လတစ်ကြိမ် ပုံမှန်သက်တမ်းတိုးခဲ့ရာ ၂၀၂၃ ခုနှစ်နှစ်ကုန်အထိ သက်တမ်းရှိခဲ့သည်။ ယခုအခါ ယင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဝန်ကြီးဌာနသည် တားမြစ်ချက်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ခြောက်လအထိ သက်တမ်းတိုးရန် အဆိုပြုထားခြင်းဖြစ်သည်။

အဆိုပါ တားမြစ်ချက်သည် နိုင်ငံအတွင်း ဆန်စပါး ပြတ်လပ်မှုအန္တရာယ်ကို ရှောင်ရှားရန်နှင့် နိုင်ငံ၏စားနပ် ရိက္ခာဖူလုံမှုရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး အဆိုပါထုတ်ကုန်များအတွက် ပြည်တွင်း ဈေးနှုန်းများ တည်ငြိမ်စေရန်ဖြစ်သည်။



ထို့အပြင် မွေးမြူရေးနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ပံ့ပိုးကူညီနိုင်ရန်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားသည်။

ရုရှား ကောက်ပဲသီးနှံသမဂ္ဂဥက္ကဋ္ဌ Mr. Arkady Zlochevsky ၏ ပြောကြားချက်အရ ရုရှားနိုင်ငံသားများသည် နှစ်စဉ် ဆန်တန်ချိန် တစ်သန်းခန့် စားသုံးကြပြီး ထိုအထဲမှ တန်ချိန် ၂၀၀၀၀၀ခန့်သည်ဆန်လုံးရှည်(Long-grain rice) များဖြစ်ကြောင်း သိရှိရသည်။ ရုရှားနိုင်ငံ၌ ဆန်လုံးတို(round - grain rice)သည် ပြည်တွင်း စားသုံးရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရန်အတွက်ပါ လုံလောက်မှုရှိသော်လည်း ဆန်လုံးရှည်သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိကြောင်း သိရှိရသည်။

ရုရှားနိုင်ငံသို့ ဆန်လုံးရှည် အဓိက တင်ပို့လျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**(စီးပွားရေးသံမှုူး၊ မော်စကိုမြို့)**

# ကြက်သားတန်ချိန် ၁၆၀၀၀၀ အထိ အခွန်ကင်းလွတ်ခွင့် ခွဲတမ်းဖြင့် တင်သွင်းရန် ရုရှားအတည်ပြု

ရုရှားနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ခွဲတမ်းဖြင့် ကြက်သား တင်သွင်းမှုအား တန်ချိန် ၁၆၀၀၀၀အထိ ရုရှားအကောက်ခွန် ဆပ်ကော်မရှင်က ခွင့်ပြုပေးခဲ့ကြောင်း အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်တွင် ကြက်သားအမျိုးအစားအချို့အပေါ် အကောက်ခွန်မဲ့ ဦးစားပေး တင်သွင်းမှုကို အတည်ပြုခဲ့ပြီး သွင်းကုန် ကြက်သားပမာဏတန်ချိန် ၁၆၀၀၀၀ အထိ ကင်းလွတ်ခွင့်ပြုရန် စီစဉ်ထားသည်။ ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားမြင့်တက်လာသည့်အတွက် ကြက်ထွက်ကုန် ဈေးကွက်ဈေးနှုန်း တည်ငြိမ်စေရန် ရည်ရွယ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ၁ရက်တွင် ၂၀၂၄ ခုနှစ်အတွက် အခွန်ကင်းလွတ်ခွင့်ခွဲတမ်းဖြင့် ရုရှားနိုင်ငံသို့ ကြက်သားတန်ချိန် ၁၆၀၀၀၀ အထိ တင်သွင်းရန် အဆိုပြုခဲ့သည်။ ထို့အပြင် အဆိုပါဝန်ကြီးဌာန၏ အဆိုပြုချက်ကြောင့် ကြက်သားအမျိုးအစားအချို့နှင့် ကြက်ဥတင်ပို့မှုကို ၂၀၂၃ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၂၀၂၄ ခုနှစ် မေ ၃၁ ရက်အထိ ခြောက်လကြာ ယာယီ ပိတ်ပင်ထားပါသည်။

ရုရှားဖက်ဒရယ်စာရင်းအင်းဌာန(Rosstat)၏ အချက်အလက်များအရ ကြက်သားဈေးနှုန်းများသည် ယခုနှစ်အစမှစတင်၍အောက်တိုဘာလအထိ ၂၈ ဒသမ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဥများအတွက် ၁၅ ဒသမ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ကြက်ထွက်ကုန် ဈေးနှုန်းမြင့်တက်ရခြင်းမှာ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းမြင့်မားလာခြင်းကြောင့် ထုတ်ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်လာခြင်းနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ပြည်တွင်း ဈေးကွက်ထက် ပြည်ပသို့ တင်ပို့ခြင်းက ပိုမိုများပြားနေခြင်းကြောင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေသဖြင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်စေကြောင်း သိရသည်။

**စီးပွားရေးသံမှုူး**
**(မော်စကိုမြို့)**



# ဖိလစ်ပိုင်-ယူအေအီး ပထမဆုံး နှစ်နိုင်ငံ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ရရှိရေး စတင်ညှိနှိုင်းဆွေးနွေး



ဖိလစ်ပိုင်-ယူအေအီးသည် Comprehensive Economic Partnership Agreement (CEPA) နှင့်စပ်လျဉ်းပြီး ညှိနှိုင်းဆောင်ရွက်သွားရန် Terms of Reference (TOR)အား လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်အား ဆောင်ရွက်နိုင်ရန် ပထမဆုံးခြေလှမ်းတစ်ခုဖြစ်သည်။

အဆိုပါ TOR အား ၂-၁၂-၂၀၂၃ ရက်က ဒူဘိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် Conference of the Parties(COP)တွင် ဖိလစ်ပိုင် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးနှင့် ဒူဘိုင်းနိုင်ငံခြား ကုန်သွယ်ရေးဝန်ကြီးတို့မှ လက်မှတ်ရေးထိုးခဲ့ကြောင်း ဖော်ပြပါရှိသည်။

CEPA သည် ဖိလစ်ပိုင်နိုင်ငံမှ ကုန်စည်နှင့်ဝန်ဆောင်မှုများ ယူအေအီးနိုင်ငံသို့ တင်ပို့နိုင်ရေး၊ ယူအေအီးမှ ရင်းနှီးမြှုပ်နှံမှုများ ဖိလစ်ပိုင်နိုင်ငံသို့ ပိုမိုဝင်ရောက်လာစေရေး၊ ယူအေအီးနိုင်ငံတွင် ကျွမ်းကျင်ပညာရှင်များနှင့်ဝန်ဆောင်မှုထောက်ပံ့ပေးသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက်ဖြစ်ပြီး ယခုလက်မှတ်ရေးထိုးခဲ့သည့် TOR သည် အဆိုပြု တင်ပြထားသည့် CEPA အား အထောက်အပံ့ပေးနိုင်သည့် ညှိနှိုင်းချက်တစ်ခုဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် CEPA အရ ယူအေအီးနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (၂၀၂၃-၂၀၂၈)ပါ ကုန်သွယ်ရေးမဟာဗျူဟာအတိုင်း ဈေးကွက်အသစ်တစ်ခုအဖြစ် ဝင်ရောက် လုပ်ကိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ယူအေအီးနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဆင့်(၁၇)နေရာတွင် ရပ်တည်လျက်ရှိပြီး ပင်လယ်ကွေ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(Gulf Cooperation Council Member States)ထိပ်တန်းပို့ကုန်ဈေးကွက်တစ်ခုဖြစ်သည်။

နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့်အကာအကွယ်ပေးရေး သဘောတူညီချက် (Investment Promotion and Protection Agreement-IPPA) အား ၂၀၂၂ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ပြီး G-G ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးနှင့် နှစ်ဖက်အဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံသူများ၏ပိုင်နက်မြေများအတွက် အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ CEPA အား ဆွေးနွေးနေစဉ်ကာလတွင် ယခင်ဖိလစ်ပိုင် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Ramon Lopez နှင့် ယူအေအီးဝန်ကြီး AL Zeyoudi တို့က ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသနိုင်ငံများအနက် ယူအေအီးနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏အကြီးဆုံးပို့ကုန်ဆိုင်ရာ ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ကုလသမဂ္ဂမှ ထုတ်ပြန်သည့် ကိန်းဂဏန်းဖော်ပြချက်များအရ ၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ ယူအေအီးနိုင်ငံသို့ ပို့ကုန်တင်ပို့မှုပမာဏ အမေရိကန် ဒေါ်လာ ၃၁၅ ဒသမ ၁၉ သန်းရှိခဲ့ပြီး စက်ပစ္စည်းများ၊ နျူကလီးယားဓာတ်ပေါင်းဖိုများနှင့် ဘွိုင်လာအိုးများသည် အမြင့်ဆုံးကုန်သွယ်မှုဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဖိလစ်ပိုင်နိုင်ငံနှင့်ယူအေအီးနိုင်ငံတို့၏ စက်သုံးဆီ မဟုတ်သောကဏ္ဍ(Non-Oil) ဆိုင်ရာ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၃ခုနှစ် ပထမခြောက်လပတ်တွင် အမေရိကန်ဒေါ်လာ ၅၀၀ သန်းထိ ရောက်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၉ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံနှင့် Organization of Islamic Cooperation (OIC)အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်စေရန် ပူးပေါင်းဆောင်ရွက်ရာတွင် ယူအေအီးနိုင်ငံသည်လည်း တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး ယူအေအီးနိုင်ငံ၏ ဟာလာစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ဖိလစ်ပိုင်နိုင်ငံသို့ဆွဲဆောင်ဖိတ်ခေါ်ထားကြောင်း၊ ထို့ပြင်ပြည့်ဖြိုးမြဲစွမ်းအင်၊ခရီးသွားလုပ်ငန်း၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍများတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကေသွယ်ခိုင်(စီးပွားရေးသံမှူး)**
**မနီလာမြို့။**



## ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ပဝင်ငွေရရှိနေသော CMP အထည်ချုပ်လုပ်ငန်းမှ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုမိန့်ထုတ်ပေးထားပြီး ပြည်ပနိုင်ငံသားများ ရာနှုန်းပြည့် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသော ပုသိမ်မြို့ စက်မှုဇုန်တွင် Amava Apparel Co,Ltd ၊ China Moon Sports Myanmar ၊ Dong Long ( Pathein) Garment Harkers Enterprise Myanmar Co,Ltd၊ Huabo Times Textile and Clothing Co,Ltd ၊ Myanmar Knitting Factory Ltd၊ North Shore Group Co,Ltd၊ Shaung Xi Garment ၊ VentDest Co,Ltd၊ CMP အထည်ချုပ်စက်ရုံ ကိုးရုံ၊ ကန်ကြီးထောင့်မြို့တွင် Huameng CMP အထည်ချုပ်စက်ရုံတစ်ရုံ ၊ ဒေးဒရဲမြို့၊ တော်ကျိုက်ကျေးရွာအုပ်စုတွင် Jeong Ho International Co,Ltd CMP အထည်ချုပ်စက်ရုံ တစ်ရုံနှင့် မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာတွင် New Talent Industrial Co,Ltd Wilkes Myanmar Co,Ltd CMP အထည်ချုပ်စက်ရုံ နှစ်ရုံနှင့် Shengze Golves Co,Ltd CMP လက်အိတ်ချုပ်စက်ရုံ တစ်ရုံ စုစုပေါင်း တိုင်းဒေသကြီးအတွင်း CMP အထည်ချုပ်စက်ရုံ ၁၄ ရုံအား ခွင့်ပြုပေးခဲ့ကြောင်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ အထည်ချုပ်လုပ်ငန်းအတွက် ကုန်ကြမ်းများကို ပြည်ပမှ တင်သွင်းပြီး အဝတ်အထည်ကုန်ချောများ ထုတ်လုပ်၍ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးလျက်ရှိရာ ပြည်ပနိုင်ငံသားများ လာရောက်ရင်းနှီးမြှုပ်နှံမှုရှိသည့်အတွက် CMP အထည်ချုပ်လုပ်ငန်းများတွင် ဒေသခံပြည်သူ ကျား ၈၆ ဦး၊ မ ၁၀၇၀၆ ဦး စုစုပေါင်း ၁၁၅၂၂ ဦးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပသ)**

# ကမ္ဘာ့ဂျုံ စိုက်ပျိုးထုတ်လုပ်မှု



ကမ္ဘာပေါ်တွင် လူသားများ အသက်ရှင်နေထိုင်စားသောက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍမှာ မရှိမဖြစ် လိုအပ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး စီးပွားရေးကဏ္ဍသည် အရေးပါသည့်အတွက် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်တွင်းစားသုံးမှု ဖူလုံစေရန်အတွက်နှင့် နိုင်ငံတော်ဘဏ္ဍာငွေရရှိစေရန်အတွက် အစဉ် ဦးစားပေးဆောင်ရွက်လျက်ရှိကြသည်။

ဂျုံသီးနှံသည် ဆန်၊ ပြောင်းတို့နှင့်အတူ လူသားများ အဓိက စားသုံးသည့် သီးနှံအုပ်စုကြီး သုံးခုထဲမှတစ်ခုဖြစ်သည့်အတွက် ကမ္ဘာ့စိုက်ပျိုးမှုအများဆုံးသီးနှံများအနက် တစ်ခုဖြစ်သည်။ ဂျုံကို ကမ္ဘာ့နေရာ အများအပြားတွင် စိုက်ပျိုးနိုင်ပြီး အနိမ့်ဆုံးအပူချိန် 25° C မှ အမြင့်ဆုံး အပူချိန် 32° C ကြားထဲတွင် စိုက်ပျိုးနိုင်ကြောင်း သိရှိရသည်။ ဂျုံကို အဓိကစားသုံးသည့်နိုင်ငံများတွင် ဂျုံစိုက်ပျိုးမှုနှင့် တင်သွင်းမှုများပြားပြီး တရုတ်၊ အိန္ဒိယနှင့် ရုရှားနိုင်ငံများသည် ဂျုံစိုက်ပျိုးမှု အများဆုံး သုံးနိုင်ငံဖြစ်ကြသည်။

ဂျုံတင်သွင်းမှု အများဆုံးနိုင်ငံများမှာ အီဂျစ်၊ တရုတ်၊ တူရကီနိုင်ငံတို့ဖြစ်ကြောင်း သိရှိရပြီး တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ဂျုံတင်ပို့မှုအများဆုံးနိုင်ငံမှာရုရှားနိုင်ငံဖြစ်ကာ ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံများသည် ဒုတိယနှင့် တတိယတင်ပို့မှု အများဆုံးနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိနေသည်။ ယူကရိန်း-ရုရှားစစ်ပွဲ၏ အကျိုးသက်ရောက်မှုနှင့်ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ပဋိပက္ခများကြောင့် ဂျုံဈေးနှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပြီး ၂၀၂၂ ခုနှစ်တွင် ဂျုံကုန်သွယ်မှုမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၂ ဘီလီယံခန့် ရှိခဲ့ကြောင်း သိရှိရသည်။

ဂျုံကို နိုင်ငံတကာစံချိန်စံညွှန်း သတ်မှတ်ချက်အနေဖြင့် ISO-7970:2021 သတ်မှတ်ထားပြီး အစိုဓာတ်ပါဝင်မှု၊ အရွယ်အစား၊ ပရိုတင်းပါဝင်မှု၊ ကျိုးကြေမှု ရှိ/မရှိနှင့် အလေးချိန် အစရှိသည်တို့ကို သေချာစစ်ဆေးကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍသည် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများအတွက်ပါ အရေးပါသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ဂျုံစိုက်ပျိုးတင်ပို့ရောင်းချမှုများ ပြုလုပ်ပါက နိုင်ငံခြားဝင်ငွေများရရှိကာ နိုင်ငံတော်ဘဏ္ဍာငွေများ ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပဝင်ငွေများ ပိုမိုရရှိနိုင်ရန် တောင်သူများအား အသိပညာပေးခြင်းနှင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်ပေးလျက်ရှိနေသည်။ **မြသူ၊ စားသုံး(ရန်ကုန်)**

**Sourse: www.ikisan.com /www.world-grain.com**

၂၁ရာစုအလွန် ယနေ့ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ တစ်ရက်နှင့်တစ်ရက်မတူညီအောင် နည်းပညာ အသစ်အဆန်းများ တီထွင်ဆန်းသစ်မှု များပြားလာလျက်ရှိရာ အမျိုးမျိုးသော နည်းပညာများအနက် မရှိမဖြစ်လူသားများ နေ့စဉ်ထိတွေ့နေရသော နည်းပညာမှာ AI (Artificial Intellengence)ခေါ် ဉာဏ်ရည်တုဟုလည်း ခေါ်ဝေါ်ကြသည့် နည်းပညာဖြစ်သည်။ လူသားတို့ နေ့စဉ်အသုံးပြုနေရသည့် smart phone၊ Computer စသည့် မရှိမဖြစ်ပစ္စည်းများမှာ AI နည်းပညာနှင့် မကင်းပေ။ အင်တာနက်မှ အချက်အလက်များ ရှာဖွေဖတ်ရှုချင်၍ဖြစ်စေ၊ Youtube Netflix များမှ ရုပ်ရှင်များ ကြည့်ရှုခြင်းဖြစ်စေ၊ Amazon ကဲ့သို့ အွန်လိုင်းမှ ဈေးဝယ်ခြင်းမျိုးဖြစ်စေ အစရှိသည့် လူတို့၏ နေ့စဉ် လုပ်ဆောင်ချက်များ နောက်ကွယ်တွင် Artificial Intelligence ရှိနေသည်။


AI ဟူသည် လူလုပ်အသိဉာဏ်(ဝါ)ဉာဏ်ရည်တုဟူ၍လည်း ခေါ်ကြသည်။ AI ကိုကြားလိုက်သည်နှင့် အလိုအလျောက်မောင်းနှင်နိုင်သည့် ကားများ၊ စက်ရုပ်များ၊ လူတိုင်းနီးပါး ကြားဖူးကြပြီးဖြစ်သည့် ChatGPT နှင့် အခြားသော chatbots များ၊ လူကိုယ်တိုင်ဆွဲ ရိုက်ကူးထားခြင်းမဟုတ်သည့် ပုံများကိုသာ တွဲဖက်မြင်မိကြမည်ဖြစ်သည်။ ထိုကဲ့သို့ရလဒ်များ ထုတ်ပေးနိုင်သည့် AI ဆိုသည်မှာ ယခုပစ္စုပ္ပန်နှင့် အနာဂတ်တွင် လူသားများအပေါ် မည်သို့အကျိုးသက်ရောက်နိုင်သည်ဆိုသည်ကို သိရှိထားရန်လိုအပ်ပါသည်။ Artificial intelligence (AI) ဟူသည် ၁၉၅၀ နောက်ပိုင်းမှစတင်ကာ concept တစ်ခုအနေနှင့် ရှိခဲ့သည်။ လူ့အသိဉာဏ်ပါမှ လုပ်၍ရသည့် အလုပ်တစ်ခုကို စက်ပစ္စည်းက လူ့အသိဉာဏ်မပါဘဲ သီးသန့်လုပ်ဆောင်နိုင်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

AI ၏ အရှည်ကောက်မှာ Artificial Intelligence ဖြစ်သည်။ တိုက်ရိုက်ဘာသာပြန်လျှင် ဖန်တီးပြုလုပ်ထားသည့် အသိဉာဏ်ဟူ၍ အဓိပ္ပာယ်ရပြီး Artificial Intelligence ဆိုသည်မှာ အလိုအလျောက် သင်ယူလေ့လာနိုင်စေရန် ရေးဆွဲထားသည့် ကွန်ပျူတာပရိုဂရမ်တစ်ခုဖြစ်သည်။ Machine-learning Algorithm များသုံးပြီး deep learning စနစ်နှင့် သင်ယူနိုင်စေရန် ရေးဆွဲထားသည်ဟု ဆိုနိုင်သည်။ လူသားများတွင် ဦးနှောက်ရှိပြီး စဉ်းစားတွေးခေါ် သင်ယူနိုင်သကဲ့သို့ AI သည်လည်း ကွန်ပျူတာ၏ ဦးနှောက်အဖြစ် မှတ်ယူနိုင်သည်။

AI Artificial Intelligence ဉာဏ်ရည်တုနည်းပညာကို အဓိက အသုံးပြုနေသည့် နေရာများသည် အားလုံးသိကြသည့်အတိုင်း စက်ရုပ်များတွင်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မောင်းသူမဲ့ကားများ၊ ဒရုန်းယာဉ်များ၌ ထည့်သွင်းအသုံးပြုရုံသာမက မော်တော်ကား ထုတ်လုပ်ရေးစက်ရုံများတွင် အလိုအလျောက်ကားအစိတ်အပိုင်း တပ်ဆင်သူစက်ရုပ်များအဖြစ်လည်း အသုံးပြုကြပါသည်။ စားသောက်ဆိုင်များတွင် စားပွဲထိုး၊ ဧည့်ကြိုများအဖြစ် လည်းကောင်း၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူများအဖြစ် လည်းကောင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ website များ၏ Searchengine တွင် လည်းကောင်း၊ ကွန်ပျူတာနှင့် စမတ်ဖုန်းများတွင်လည်းကောင်း AI ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလာကြပြီဖြစ်သည်။ နောက်ပိုင်း စက်ရုပ်များတွင် ယခင်စက်ရုပ်များကဲ့သို့ သတ်မှတ်ထားသည့်အတိုင်း အလုပ်တစ်ခုခုကို လုပ်နေခြင်းမျိုး မဟုတ်ဘဲ အိမ်သုံးစက်ရုပ်များအနေဖြင့် တံမြက်စည်းလှည်းခြင်း၊ ဖုန်သုတ်ခြင်း၊ ပန်းကန်ဆေးခြင်း စသည်များအပြင် ကလေးများကိုပါ ထိန်းကျောင်းပေးနိုင်သည့် စက်ရုပ်များအထိပါ ဖန်တီးနိုင်ခြင်းသည် AI နည်းပညာ၏ အကျိုးကျေးဇူးများပင်ဖြစ်သည်။

### AI နှင့် စိန်ခေါ်မှုများ

ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်များ၊ သိပ္ပံပညာရှင်များနှင့် နည်းပညာရှင်များက ဉာဏ်ရည်တုနည်းပညာ (AI)၏ အသုံးဝင်မှုများကိုသာမက ထိုနည်းပညာကို အလွဲသုံးပြီး ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအား သတိပြုနိုင်ရန်နှင့် ကာကွယ်နိုင်မည့် ဥပဒေများကိုပါ ဆုံးဖြတ်ပြဋ္ဌာန်းလာကြသည်ကို တွေ့ရသည်။ အမေရိကန်ကဲ့သို့ နည်းပညာထွန်းကားသည့် နိုင်ငံကြီးသည်ပင် နည်းပညာ အလွဲသုံးမှု အန္တရာယ်များကို သတိပြုလာကြရာ နိုင်ငံငယ်များအနေဖြင့်လည်း ကြိုတင်သတိပြု ပြင်ဆင်ထားရမည်ဖြစ်သည်။




# [illegible] (AI)

အေးငြိမ်းစံ (MDY-DOCA)

ဉာဏ်ရည်တုနည်းပညာသည် လက်ရှိတွင် အဆင့်မြင့်ဆုံးနည်းပညာတစ်ခုဖြစ်ပြီး လူအများ၏ဘဝကို တိုးတက်ကောင်းမွန်အောင် ဖန်တီးပေးနိုင်စွမ်းရှိသော်လည်း တစ်ချိန်တည်းမှာပင် အဆိုပါ နည်းပညာကြောင့် လုံခြုံရေးခြိမ်းခြောက်မှုများထိပါ ရှိနိုင်ကြောင်း နိုင်ငံ့ခေါင်းဆောင်များက ပြောကြားလာကြသည်။ ဉာဏ်ရည်တု နည်းပညာကြောင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တိုးတက်ဖွံ့ဖြိုးမှုများရှိလာသလို လူတို့၏ ကိုယ်စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊ သတင်းမှားများ ဖန်တီးနိုင်ခြင်း၊ အလုပ်အကိုင်များ ဆုံးရှုံးနိုင်ခြင်း၊ အနာဂတ်တွင် အဆိုပါ နည်းပညာကြောင့်ပင် လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ပေးလာနိုင်ကြောင်း သုံးသပ်မှုများရှိလာသည်။

ဉာဏ်ရည်တု (Artificial intelligence - AI) ဆိုသည်မှာ အသိဉာဏ်ရှိသော ကိုယ်စားလှယ်များကို ဒီဇိုင်းထုတ်လေ့လာရန် သို့မဟုတ် စက်ကိရိယာတို့၏ အသိဉာဏ်ကို ဖန်တီးထားခြင်းဖြစ်သည်။ AI နည်းပညာတွင်ခွဲခြမ်းစိတ်ဖြာ၊ လူ့- Inspired၊ လူအတု ထောက်လှမ်းရေးတို့ပါဝင်သည်။ သိပ္ပံနှင့်နည်းပညာ မြင့်မားတိုးတက်လာသော လူ့အသိုက်အဝန်းတွင် AI နည်းပညာသည် ဆန်းသစ်သည့်ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်သည်။ သိမှုဉာဏ်အပြင် လူ့စိတ်ခံစားချက်ကို နားလည်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားနိုင်စွမ်းရှိသည့်ဉာဏ်ရည် ထည့်သွင်းထားသော ဉာဏ်ရည်တု လူမိတ္တူဖြစ်သည်။

> အွန်လိုင်း ဝန်ဆောင်မှုစနစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာစနစ်များ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်လာနိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများနှင်က ပြည်သူတို့၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုမှုအပေါ် များစွာမှီခိုလာကြသည်။ အသုံးပြုမှု ကျယ်ပြန့်လာသည်နှင့်အတူ ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများလည်း များပြားလာခဲ့သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံ မဟုတ်သေးသော်လည်း ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးနောက် ဆက်သွယ်ရေးနည်းပညာကဏ္ဍကို လွတ်လပ်သောဈေးကွက်အဖြစ် ဖွင့်လှစ်ပေးနိုင်မှုနှင့်အတူ နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်။ အွန်လိုင်း ဝန်ဆောင်မှုစနစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာစနစ်များ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်လာနိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူတို့၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုမှုအပေါ် များစွာမှီခိုလာကြသည်။ အသုံးပြုမှု ကျယ်ပြန့်လာသည်နှင့်အတူ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများလည်း များပြားလာခဲ့သည်။

ဉာဏ်ရည်တုနည်းပညာ (AI) ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် လူသားဖြစ်တည်မှုနှင့် လူနေမှုဘဝပတ်ဝန်းကျင်ကို လွှမ်းမိုးထိခိုက်နိုင်သည့် အခြေအနေများ ကြုံတွေ့လာသည်။ အမျိုးသားလုံခြုံရေးအထိ ပါဝင်လာနိုင်သောကြောင့် နိုင်ငံအများစုက ဉာဏ်ရည်တုနည်းပညာ (AI) ကို မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများဖြင့် ထိန်းကျောင်းရန် ကြိုးစားလာကြသည်။ သတင်းအချက်အလက်နှင့် နည်းပညာ ဆိုက်ဘာနယ်ပယ်တွင်လည်း စိန်ခေါ်မှုများ များပြားလာသည့်အတွက် မျက်ခြည်မပြတ် စောင့်ကြည့်ရန် လိုအပ်လာသည်။

မြန်မာနိုင်ငံအနေဖြင့် နည်းပညာ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ကြိုတင်ကာကွယ်ဖြေရှင်းရန် လိုအပ်သော ဆိုက်ဘာလုံခြုံရေးမူဝါဒကို ၂၀၂၃ ခုနှစ် မတ်လတွင် ထုတ်ပြန်ထားသည်။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒတွင်ပါဝင်သော အချက်အလက်များကို သက်ဆိုင်ရာနယ်ပယ်အလိုက် သိရှိနားလည်ဆောင်ရွက်ထားရန် လိုအပ်ပြီး AI နည်းပညာ၏ အသုံးဝင်မှုနှင့် အန္တရာယ်တို့ကို နားလည်သိရှိနားလည်နိုင်စေရန် ရေးသားတင်ပြလိုက်ရသည်။

SOURCE-DIGITALIDOTS.COM.MM-WIKIPEDIA




ထွန်းသက်ထွန်း

ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Mutual Fund) များ ခေတ်စားလာမှုနှင့်အတူ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှု ပရောဒတ် အမျိုးမျိုးကို တီထွင်လာကြသည်။ အထူးသဖြင့် စတော့အိပ်ချိန်းတွင် ရောင်းဝယ်ဖောက်ကားနိုင်သည့် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အစု (Exchange Traded Fund, ETF) များကို တီထွင်ခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့များသည် ၁၉၈၀ ပြည့်နှစ်များမှ စတင်ကာ လွန်စွာခေတ်စားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ မန်နေဂျာများသည် ဈေးကွက်အတွင်းမှ ပြန်ရနှုန်းကောင်းပြီး ဆုံးရှုံးနိုင်ခြေနည်းသည့် စတော့များ၊ ငွေချေးစာချုပ်များကို စုစည်းဝယ်ယူကာ ယင်းအစုကို တူညီသည့်ယူနစ်များခွဲပြီး ရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချခြင်းဖြစ်သည်။ စတော့တစ်ခုကို တိုက်ရိုက်ဝယ်ယူရန် အခက်အခဲရှိသည့်သူများ၊ ငွေကြေး အနည်းငယ်သာတတ်နိုင်သူများ အနေနှင့် အဆိုပါရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအစုများကို ဝယ်ယူရင်းနှီးမြှုပ်နှံထားခြင်းဖြင့် ဆုံးရှုံးနိုင်ခြေနည်းပါးကာ ပုံမှန်ဝင်ငွေများကို ရရှိစေသည်။

သို့သော်လည်း ရင်းနှီးမြှုပ်နှံသူများအနေနှင့် အဆိုပါ ရန်ပုံငွေအဖွဲ့သို့ အသစ်ဝင်ရောက်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းများ အစဉ်အမြဲရှိနေခြင်း၊ ၎င်း၏ တန်ဖိုးကို ဈေးကွက်ပိတ်ချိန်တွင်သာ အသားတင် ပိုင်ဆိုင်မှုတန်ဖိုး (Net Asset Value, NAV) ဖြင့် တွက်ချက် ထုတ်ပြန်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူတစ်ဦး ရန်ပုံငွေအဖွဲ့မှ ပြန်လည်ထွက်ခွာချိန်တွင် အခွန်ပေးဆောင်ရခြင်း၊ ရန်ပုံငွေအစုတစ်ခု၏ ဈေးနှုန်းကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မှု မရှိခြင်းများကြောင့် ရင်းနှီးမြှုပ်နှံသူများနှင့် ကျွမ်းကျင်သူများ၏ ဝေဖန်မှုများစွာ ပေါ်ထွက်ခဲ့သည်။

သို့အတွက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအစု၏ (NAV)တန်ဖိုးကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး၊ စတော့အိပ်ချိန်းတွင် စတော့များ ရောင်းဝယ်သည့်နည်းတူ ဈေးနှုန်းအတက်အကျပေါ်တွင် ရောင်းဝယ်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ကုမ္ပဏီများအနေနှင့် စတော့အိပ်ချိန်းဝင် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့များ (Exchange Traded Fund, ETF) ကို တီထွင်ခဲ့ကြသည်။

ETF များသည် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့များနည်းတူ နောက်ကွယ်တွင် ကုန်စည်များ၊ စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ရွှေ နိုင်ငံခြားငွေကြေးနှင့် စတော့အညွှန်းကိန်းများကို အခြေခံလေ့ရှိသည်။ သို့သော် ထူးခြားချက်မှာ ယင်း ETF တစ်စု၏ တန်ဖိုးကို စတော့များနည်းတူ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်း၊ စတော့အိပ်ချိန်းတွင် စာရင်းဝင်ကာ အချိန်နှင့်တစ်ပြေးညီ ရောင်းဝယ်နိုင်ခြင်းပင်ဖြစ်သည်။ ထို့အပြင် ETF များသည် Mutual Fund ယူနစ်များထက် ပိုမိုငွေဖြစ်လွယ်ခြင်း၊ ရောင်းဝယ်မှု စရိတ်စကများ ပိုမိုသက်သာခြင်း စသည့် ထူးခြားချက်များလည်းရှိနေသည်။

သို့ရာတွင် ETF ရှယ်ယာရှင်များသည် ရန်ပုံငွေအစုတွင်ပါဝင်သည့် အက်ဆက်များကိုမူ တိုက်ရိုက်ပိုင်ဆိုင်ရယူပိုင်ခွင့်မရှိဘဲ သွယ်ဝိုက်၍သာ အကျိုးခံစားခွင့်ရှိသည်။ ဥပမာ - ဘဏ္ဍာရေးနှစ်ကုန်သည့်အချိန်တွင် အမြတ်ဝေစု (သို့မဟုတ်) အတိုးကို ခံစားပိုင်ခွင့်ရှိခြင်း၊ ရန်ပုံငွေဖျက်သိမ်းသည့်အချိန်တွင် ကျန်ရှိသည်များကို အချိုးကျ ရယူပိုင်ခွင့် စသည်တို့ဖြစ်သည်။ ETF ရန်ပုံငွေအဖွဲ့များသည် အဖွဲ့ဝင်အသစ်များ ဝင်နိုင်သည့်၊ ပြန်လည်ထွက်ခွာနိုင်ခွင့်ရှိသည့် Open Ended ပုံစံဖွဲ့စည်းထားခြင်းဖြစ်သည်။ Open Ended ပုံစံ ဖွဲ့စည်းထားသည့် ရန်ပုံငွေအဖွဲ့များတွင် ထူးခြားချက်များရှိသည်။ ယင်းတို့မှာ ရန်ပုံငွေအဖွဲ့ အတွင်းပါဝင်သည့် ရှယ်ယာရှင်များသည် စုစည်းထားသည့် စတော့ရှယ်ယာ အက်ဆက်များအားလုံးကို အချိုးကျ ပိုင်ဆိုင်ခွင့်ရှိခြင်းနှင့် ရှယ်ယာရှင် အဟောင်းများသည် အဖွဲ့မှ ပြန်လည်ထွက်ခွာခွင့်ရှိသလို အဖွဲ့ဝင် အသစ်များကိုလည်း ဖိတ်ခေါ်ခွင့်ရှိခြင်းပင်ဖြစ်သည်။

ETF ရန်ပုံငွေများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် စုစည်းနိုင်သော်လည်း အသုံးအများဆုံးမှာ စတော့အညွှန်းကိန်း Stock Index ကိုအခြေခံသည့် အစုများဖြစ်သည်။ ယင်းအစုများကို စတော့အိပ်ချိန်းမှတစ်ဆင့် ဝယ်ယူ၊ ရောင်းချခြင်းများ ပြုလုပ်နိုင်ပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဈေးကွက်ပေါက်ဈေးဖြင့်လည်းကောင်း၊ သတ်မှတ်ထားသည့် ဈေးဖြင့်လည်းကောင်း အရောင်းအဝယ် ပြုလုပ်နိုင်သည်။ ထို့အပြင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှတစ်ဆင့် ETF ယူနစ်များကိုချေးငှားကာ ရောင်းချနိုင်ခြင်း၊ ETF ယူနစ်များ ဝယ်ယူရန် ငွေချေးယူနိုင်ခြင်း စသည့် အခွင့်အရေးများကိုလည်း ရရှိစေသည်။ ၎င်းတို့ကို စတော့အိပ်ချိန်းစာရင်းဝင် အမှတ်သင်္ကေတ Ticker symbol များ သတ်မှတ်ပေးရသည်။

ပထမဆုံးသော ETF ကို နယူးယောက်စတော့အိပ်ချိန်းတွင် ၁၉၉၃ ခုနှစ်၌ စတင်ရောင်းဝယ်ခဲ့ပြီး ယင်းမှာ S&P500 အညွှန်းကိန်းကို အခြေခံခဲ့သည်။ ဆိုလိုသည်မှာ နယူးယောက်စတော့အိပ်ချိန်းတွင် အသုံးပြုသည့် စတော့အညွှန်းကိန်းများထဲမှ S&P500 အညွှန်းကိန်းတွင် ပါဝင်ဖွဲ့စည်းထားသည့် စတော့အမျိုးအစားပေါင်း ၅၀၀ ကို ကျောထောက်နောက်ခံပြုကာ ရန်ပုံငွေအစုအဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ နောက်ပိုင်းတွင် Dow Jones, Russell 2000, Lehman Aggregate Bond Index, MSCI EAFE, MSCI Emerging Market စသည့် အညွှန်းကိန်း အခြေခံရန်ပုံငွေအဖွဲ့များ ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့သည်။ နောက်ပိုင်းတွင် ငွေရေးကြေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စက်မှုလုပ်ငန်း၊ သယံဇာတထုတ်လုပ်မှု၊ အဖိုးတန်ကျောက်မျက်၊ နည်းပညာ၊ လူ့အသုံးအဆောင်နှင့် အိမ်ခြံမြေအစရှိသည့် လုပ်ငန်းများကို ကျောထောက်နောက်ခံပြုသည့် ETF Fund များစွာ ပေါ်ပေါက်လာခဲ့သည်။

အဆိုပါ ETF ရောင်းဝယ်မှုများ တစ်စထက်တစ်စ တိုးတက်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ET ပေါင်း ၈၇၅၄ ခု အထိ ရှိလာခဲ့ပြီး တန်ဖိုးအားဖြင့် ၁၀ ထရီလီယံ ဒေါ်လာအထိရှိခဲ့သည်။ ထိုအချိန်တွင် အကျိုးတူရန်ပုံငွေ အဖွဲ့ပေါင်း ၁၃၇၈၉၂ ရှိပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၆၀ ထရီလီယံကျော်အထိရှိခဲ့သည်။ ETF ရောင်းဝယ်မှုများ ပြုလုပ်နိုင်ရန် ရန်ပုံငွေအဖွဲ့များသည် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities Exchange Commission) ၏ခွင့်ပြုချက်ရယူရန် လိုအပ်သည်။

## ETF များ ဖွဲ့စည်းတည်ထောင်ပုံ

ETF များဖွဲ့စည်းတည်ထောင်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခြင်း၊ ရန်ပုံငွေအဖွဲ့မှ ပြန်လည်ထွက်ခွာခြင်း စသည်တို့ကို အရေအတွက် အနည်းငယ်မျှသော ဘဏ္ဍာရေးအထူးပြု ကုမ္ပဏီကြီးများကသာ ဆောင်ရွက်ခွင့်ရှိသည်။ အဆိုပါအဖွဲ့များကို Authorized Participant (AP) ဟု ခေါ်ဆိုသည်။ ၎င်းအဖွဲ့တို့သည် ဘဏ္ဍာရေး စွမ်းဆောင်ရည်မြင့်မားသည့်၊ ငွေကြေးတောင့်တင်းသည့် အဖွဲ့များဖြစ်ကြပြီး ဘဏ်များ၊ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီကြီးများက ကျောထောက်နောက်ခံပြုထားသည့် အဖွဲ့များ ဖြစ်ကြသည်။

AP များသည် အိပ်ချိန်းရောင်းဝယ်မှု ရန်ပုံငွေ ပြုလုပ်လိုသည့် ETF အဖွဲ့များ (Barclays Global Investors (BGI), State Street , Vanguard tp&SdonhfwdkY ) နှင့် သဘောတူ စာချုပ်များ ချုပ်ဆိုရန်လိုအပ်သည်။ AP များသည် မိမိတို့ကိုအပ်နှံထားသည့် ရန်ပုံငွေအဖွဲ့များအတွက် ပမာဏကြီးမားသည့် အစုအရေအတွက်များကို ဖန်တီးပေးရသည်။ အများအားဖြင့် အစုငါးသောင်းမှ တစ်သိန်းအထိ ဖွဲ့စည်းပေးရသည်။ ၎င်းတို့သည် ETF ရန်ပုံငွေအဖွဲ့များမှ သတ်မှတ်ထားသည့် ပမာဏအတိုင်း သတ်မှတ်ပေးထားသည့် စတော့အစုများ (Basket of stocks) ကို ပြည့်အောင် စုစည်းပေးရသည်။

အပြန်အလှန်အားဖြင့် ETF ရန်ပုံငွေအဖွဲ့က တူညီသည့် ပမာဏရှိသည့် ရှယ်ယာများကို AP ထံသို့ လွှဲပြောင်းပေးရသည်။ လွှဲပြောင်းရာတွင် တန်ဖိုးကို NAV ဖြင့်သတ်မှတ်ပြီး AP မှ စုစည်းပေးသည့် အမှန်တန်ဖိုးနှင့် NAV ခြားနားချက်ကို AP အတွက် အမြတ်ငွေရယူနိုင်သည့် အခွင့်အလမ်းတစ်ရပ် ဖန်တီးပေးထားသည်။ ယင်းသို့ လွှဲပြောင်းခြင်းများအတွက် ငွေသားဖြင့် ပေးချေခြင်းမရှိပါ။ ထူးခြားချက်မှာ အဆိုပါ ETF ရန်ပုံငွေများ စုစည်းခြင်းအတွက် အခွန်ကင်းလွတ်ခွင့်ရှိခြင်းပင်ဖြစ်သည်။

## ETF များအား တာဝန်ခံသည့်အဖွဲ့များ

အကျိုးတူရန်ပုံငွေအဖွဲ့ (mutual fund)များနည်းတူပင် ETF ရန်ပုံငွေများတွင်လည်း တာဝန်ခံအဖွဲ့ (sponsor) များရှိရန် လိုအပ်သည်။ ထင်ရှားသည့် တာဝန်ခံသူအဖွဲ့များမှာ အထက်တွင် ဖော်ပြထားသည့်အတိုင်း BGI, State Street, Vanguard အစရှိသည့်အဖွဲ့များဖြစ်သည်။ အဆိုပါအဖွဲ့များသည် အဓိက လုပ်ငန်း ငါးခုကို တာဝန်ယူဆောင်ရွက်ပေးသည်။ လိုအပ်သည့် အညွှန်းကိန်းများကို တီထွင်ထုတ်ပြန်ပေးခြင်း၊ Authorized Participant (AP)များကို ငှားရမ်းခြင်း၊ ETF ရန်ပုံငွေများ စတင်နိုင်ရန် အစပျိုးရင်းနှီးငွေများ ရှာဖွေပေးခြင်း၊ ဖွဲ့စည်းထားသည့် ETF ရန်ပုံငွေအစုများ အများပြည်သူသို့ ဝယ်ယူရန် ဈေးကွက်ထိုးဖောက်ခြင်း ၊ ကြော်ငြာခြင်းနှင့် အခြားသော ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။

ETF ရန်ပုံငွေ အများစုမှာ အခြားသောကုမ္ပဏီများမှ ပြုစုပြီးဖြစ်သည့် အညွှန်းကိန်းများအပေါ်တွင်သာ အခြေပြုထားသည်။ အညွှန်းကိန်း ပြုစုသည့်အဖွဲ့အစည်းများသည် ၎င်းတို့ တီထွင်ထားသည့် အညွှန်းကိန်းကို အသုံးပြုသည့်အတွက် ဝန်ဆောင်စရိတ်များ ရရှိသည်။ ဥပမာ - BGI ရန်ပုံငွေအဖွဲ့သည် Dow Jones, FTSE, Lehman Brother, Morgan Stanley , Morningstar, Russell , Standard and Poor's အစရှိသည့် ကုမ္ပဏီများမှ တီထွင်ထားသည့်အညွှန်းကိန်းများကို ရန်ပုံငွေအစုများအဖြစ် ဖွဲ့စည်းလေ့ရှိသည်။

**Reference: Investment Guide Book**

# အိုပက်က ရေနံထုတ်လုပ်မှုကို လျှော့ချသွားမည်

ရေနံ အဓိကထုတ်လုပ်တင်ပို့ ရောင်းချသည့်နိုင်ငံများ အဖွဲ့အစည်းဖြစ်သည့် (Organization of the Petroleum Exporting Countries-OPEC) လာမည့်နှစ်များတွင် ရေနံထုတ်လုပ်မှုကို လျှော့ချသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ပထမပတ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် အိုပက်(OPEC)အဖွဲ့ဝင် မဟုတ်ဘဲ ရေနံထုတ်လုပ်နေသည့် နိုင်ငံများက လာမည့် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ရေနံထုတ်လုပ်မှုကို မိမိတို့ဆန္ဒအလျောက် ဆက်လက်လျှော့ချသွားမည်ဖြစ်ကြောင်းနှင့် နေ့စဉ် ရေနံထုတ်လုပ်မှု စည်ပေါင်း ၂ ဒသမ ၂ သန်းအထိ လျှော့ချသွားရန် သဘောတူညီထားကြောင်း သိရသည်။

အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် အိုပက်အဖွဲ့ဝင်မဟုတ်သည့် ရေနံထုတ်လုပ်သော နိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် OPEC+၏ (၃၆) ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက်က Video Conferenceဖြင့် ကျင်းပခဲ့ရာတွင် အကြိုသဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရေနံလျှော့ချထုတ်လုပ်ရန် ပြင်ဆင်ခဲ့ခြင်းသည် (၃၅)ကြိမ်မြောက် OPEC+ ဝန်ကြီးအဆင့် အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများက ချမှတ်ခဲ့သော ၂၀၂၄ ခုနှစ် ရေနံထုတ်လုပ်မှု လျှော့ချရေး သဘောတူညီချက်များကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် ယင်းမှာ OPEC+ နိုင်ငံများအနေဖြင့် ဧပြီလက ကြေညာခဲ့သော မိမိဆန္ဒအလျောက် ရေနံထုတ်လုပ်မှု လျှော့ချခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။




အဆိုပါ ထုတ်ပြန်ကြေညာချက်အရ ဆော်ဒီအာရေဗျနိုင်ငံသည် ယခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် မတ်လအထိ မိမိ သဘောဆန္ဒအရ နေ့စဉ် ရေနံစည် တစ်သန်း လျှော့ချထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။ ရုရှားနိုင်ငံကမူ ယခုနှစ် စက်တင်ဘာလမှ စတင်ကာ မိမိဆန္ဒအလျောက် နေ့စဉ် ရေနံလျှော့ချထုတ်လုပ်မှုကို စည်ပေါင်း သုံးသိန်းမှ ငါးသိန်းအထိ မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အီရတ်နိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ကူဝိတ်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ အယ်လ်ဂျီးရီးယားနိုင်ငံနှင့် အိုမန်နိုင်ငံတို့သည် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်မှ စတင်၍ မိမိ သဘောဆန္ဒအလျောက် ရေနံထုတ်လုပ် တင်ပို့မှုကို လျှော့ချသွားရန် သဘောတူညီထားကြောင်း သိရသည်။

**Source; Xinhua**




# ရှိန်းက Zara နှင့် H&M တို့ကို နောက်ကောက်ချနိုင်ခဲ့

ကမ္ဘာကျော် ဖက်ရှင်ကုမ္ပဏီတစ်ခု ဖြစ်သည့် ရှိန်း(Shein)သည် Zara နှင့် H&M တို့ကို နောက်ကောက်ချနိုင်ခဲ့ပြီး ကမ္ဘာပေါ်တွင် ရောင်းအားအကောင်းဆုံး အနေအထားသို့ ရောက်ရှိလာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံဖိုး ရောင်းချနိုင်ခဲ့သည့် ရှိန်း(Shein)သည် အဝတ်အစား ဖက်ရှင်လောကတွင် ကမ္ဘာ့ဈေးကွက်ဝေစု၏ ၂၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

လက်ရှိအချိန်တွင် အဝတ်အစား ဖက်ရှင်လောက၏ ကမ္ဘာ့ဈေးကွက်၌ နာမည်ကြီး Zara နှင့် H&M တို့မှာ ရှိန်း(Shein)၏ နောက်မှ ဒုတိယနှင့် တတိယနေရာတို့တွင် ရပ်တည်နေကြသည်။ ရှိန်း(Shein)ကို စတင်တည်ထောင်သူမှာ တရုတ်နိုင်ငံသား Chris Xu ဖြစ်ပြီး ၂၀၀၈ ခုနှစ် အောက်တိုဘာလက တရုတ်နိုင်ငံတွင် စတင်ထုတ်လုပ် ဖြန့်ချိခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် စင်ကာပူနိုင်ငံ၌လည်း ဌာနချုပ်များ တည်ရှိနေပြီဖြစ်သည်။

အဝတ်အစား ဖက်ရှင်လောကတွင် ရှိန်း(Shein)၏ အားသာချက်မှာ တရုတ်နိုင်ငံမှ အဓိကအထည်များကို တင်သွင်းပြီး သုံးစွဲသူလက်ထဲသို့ ဈေးသက်သက်သာသာဖြင့် အရောက်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ရှိန်း(Shein) ထုတ်ကုန်ပစ္စည်းအမယ်မှာ ၁ ဒသမ ၅ သန်းခန့်ရှိကာ တီရှပ် တစ်ထည်လျှင် ငါးဒေါ်လာ၊ ဆွယ်တာ တစ်ထည်လျှင် ၁၀ ဒေါ်လာ စသည်ဖြင့် ရောင်းချကြောင်း သိရသည်။ ရှိန်း(Shein)၏ အဓိကဗျူဟာမှာ Order များကို လက်ခံပြီး ဝယ်လိုအားအပေါ် အခြေခံ၍ ထုတ်လုပ်မှုကို ချဲ့ထွင်ခြင်းဖြစ်သည်။ ရှိန်း(Shein)သည် ဈေးကွက်သို့ ရောက်ရှိလာသည်မှာ ၁၅ နှစ်သာရှိသေးသော်လည်း Zara နှင့် H&M တို့ကို ကျော်လွန်ပြီး မြန်ဆန်သောနှုန်းဖြင့် ကမ္ဘာ့ဖက်ရှင်လောကကို ကြီးစိုးလာခဲ့ခြင်းဖြစ်သည်။

**Source; Reuters**

မြသဲ-စုစည်းသည်






ထိရောက်စွာ စားသေနှင့် ထိုးဖေါက်စိမ့်ဝင် အားကောင်းသည့်
ပိုးသတ်ဆေးရည်
မင်းမဟော်
CERTIFIED ISO 9001:2015 COMPANY
CERTIFICATE NO. 740467
ကိုး
ထွက်ကိုး
( စပါယ်ရှယ် )
17:17:17
သီးနှံမျိုးစုံ အပွင့်၊ အသီး၊ ဥ အားကောင်းစေသည့်
ရွက်ဖျန်းမြေဩဇာအရည်
တောင်သူ ပြုံးပျော် မင်းမဟော်



တောင်သူဦးကြီးများစိတ်ချမ်းသာ
KCK
ထလ / ၂၁၁၅
အဆင့်မြင့်သဘာဝမြေဩဇာ
အပွင့်မြိုင်ခြင်း
အသီးနိုင်ခြင်း
အသီးထွားခြင်း
အပင်သန်ခြင်း
အရင်းအနှီးနည်းခြင်း
ပိုးကျမှာလုံးဝမစိုးရိမ်ရခြင်း
အဆိပ်အတောက်ကင်းခြင်း
ပတ်ဝန်းကျင်ကိုအကျိုးဖြစ်စေခြင်း
USE FOR ALL PLANTS
Net Weight 50 kg

# တရုတ်နှင့် ဗီယက်နမ်တို့ ကုန်သွယ်မှု တိုးချဲ့မည်

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်မှု တိုးချဲ့သွားရေးအတွက် သဘောတူညီမှုတစ်ရပ်ရရှိကာ နှစ်နိုင်ငံမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။



တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် သာတူညီမျှ ရေရှည်တည်တံ့သည့် နှစ်နိုင်ငံကုန်သွယ်မှုကို တိုးချဲ့ရေးအတွက် အပြုသဘောဆောင်ရွက်မှုများကိုပြုလုပ်ရန် ဒီဇင်ဘာ ၁၃ ရက်က သဘောတူခဲ့ကြခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဒေသဆိုင်ရာ အလုံးစုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) နှင့် တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဇုန်၏ အခန်းကဏ္ဍ၌ အပြည့်အဝ ပါဝင်ရေး၊ နှစ်နိုင်ငံ ထုတ်ကုန်များ အပြန်အလှန် တင်ပို့မှု တိုးချဲ့နိုင်ရန် တရုတ် နိုင်ငံတကာသွင်းကုန်ပြပွဲ၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၊ တရုတ် ပို့ကုန်သွင်းကုန်ပြပွဲများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နှင့် ဗီယက်နမ်တို့ ပူးပေါင်းကာ ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လတ်ဆတ်သော အုန်းသီးများ၊ အေးခဲ သစ်သီးထုတ်ကုန်များ၊ လိမ္မော်သီး၊ ထောပတ်သီးနှင့် အခြားလတ်ဆတ်သစ်သီးများ၊ ဆေးဖက်ဝင် အပင်များနှင့် အသားထုတ်ကုန်များ အပါအဝင် ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး ထုတ်ကုန်များအတွက် ထုတ်လုပ်ရေးလုပ်ငန်းစဉ်၌ တက်ကြွစွာ ပါဝင်သွားမည်ဖြစ်ကြောင်းနှင့် ဗီယက်နမ်နိုင်ငံဘက်ကလည်း တရုတ် စတာဂျင်ငါးကြီးများ တင်သွင်းမှုကိုလည်း ပိုမိုတိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **Source; Xinhua**

# Soft Power မှ အလုပ်အကိုင်ပေါင်းများစွာ ဖန်တီးနိုင်ရန် ထိုင်းရည်ရွယ်

ထိုင်းနိုင်ငံအစိုးရသည် Soft Power မှ အလုပ်အကိုင်ပေါင်းများစွာကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ထားကြောင်း ဗန်ကောက်ပို့စ် သတင်းတွင် ရေးသားဖော်ပြထားသည်။

ထိုင်းနိုင်ငံအနေဖြင့် တိုင်းပြည်၏ Soft Power မြှင့်တင်ရေးမူဝါဒနှင့်အတူ နိုင်ငံသားများအတွက် အလုပ်အကိုင်အသစ်ပေါင်း သန်း ၂၀ ခန့် ဖန်တီးပေးနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါ အလုပ်အကိုင်များမှသည် ဝင်ငွေ ထိုင်းဘတ် ၄ ထရီလီယံအထိ ရရှိရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။

Soft Power သည် ထိုင်းလူမျိုးများအတွက် ဝင်ငွေ ပိုမိုရှာဖွေနိုင်ရေးနှင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် အရေးပါသည့် ယန္တရားတစ်ခုဖြစ်လာနိုင်ရန် ရည်မှန်းထားကြောင်း၊ Soft Power သည် ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှုကြွယ်ဝခြင်းကို တုပပြီး ဉာဏဂုဏ်သတ္တိများအဖြစ် ပြောင်းလဲခြင်းမှသည် နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးတွင် အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ Soft Power ကြောင့် ထိုင်းနိုင်ငံသည် ဒေသတွင်း၌ ဝင်ငွေမြင့်မားသည့်နိုင်ငံ ဖြစ်လာမည်ဟုဆိုသည်။

One Family၊ One Soft Power ပေါ်လစီတွင် ခရီးသွားလုပ်ငန်း၊ အားကစား၊ အစားအသောက်လုပ်ငန်း၊ ရုပ်ရှင်နှင့် ဂီတ၊ အနုပညာ၊ ဖက်ရှင်၊ ဂိမ်းနှင့် ဒီဇိုင်းဆွဲခြင်းများ ပါဝင်ပြီး စီးပွားရေးကဏ္ဍ ၁၁ ခုကို လွှမ်းခြုံထားသည်။ ထိုင်းနိုင်ငံအစိုးရအနေဖြင့် စက်မှုလုပ်ငန်းများမှတစ်ဆင့် နိုင်ငံ၏ Soft Power ကို မြှင့်တင်ရန် အထူးအာရုံစိုက်နေကြောင်း ထိုင်းနိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **Source; Bangkok Post**

စိုင်းဗညား - စုစည်းသည်






# Sport Crossover လျှပ်စစ်ကား ၂၀၂၅ တွင် ဈေးကွက်သို့ ရောက်ရှိမည်

ဂျပန်နိုင်ငံမှ နာမည်ကြီး တိုယိုတာနှင့် တရုတ်နိုင်ငံမှ ထိပ်သီး လျှပ်စစ်ကား (EV) ကုမ္ပဏီကြီးဖြစ်သည့် BYD တို့ ဖက်စပ်ထုတ်လုပ်နေသည့် Sport Crossover လျှပ်စစ်ကားမှာ လာမည့် ၂၀၂၅ ခုနှစ်တွင် မော်တော်ကားဈေးကွက်သို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

တိုယိုတာက BYDနှင့် ဖက်စပ်ထုတ်လုပ်မည့် Sport Crossover လျှပ်စစ်ကား ဒီဇိုင်းပိုင်းကို ဒီဇင်ဘာ ၁၁ ရက်က ဥရောပတွင် ပထမဆုံးအကြိမ် ချပြခဲ့သည်ဟု သိရသည်။

အဆိုပါ Sport Crossover လျှပ်စစ်ကားမှာ မြန်နှုန်းမြင့် လျှပ်စစ်ကား အမျိုးအစားဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ဈေးကွက်သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းတွင် ရေးသားဖော်ပြထားသည်။ သို့သော် တိုယိုတာအနေဖြင့် ယခုထုတ်လုပ်မည့် Sport Crossover လျှပ်စစ်ကား၏ ဒီဇိုင်းပိုင်းကို တရုတ်နိုင်ငံတွင် ယခုနှစ် ဧပြီလက ကျင်းပခဲ့သည့် Auto Shanghai ကားပြပွဲကတည်းကပင် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ ထူးခြားသော Fastback ဒီဇိုင်းပိုင်းကို ပထမဆုံး ဝယ်ယူသူများအတွက် ဆွဲဆောင်နိုင်မည့်ကမ်းလှမ်းမှုများ ရှိလာမည်ဖြစ်ကြောင်း တိုယိုတာမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုထားသည်။

Sport Crossover လျှပ်စစ်ကားတွင် တံခါးငါးပေါက်ပါပြီး နောက်ခန်းမှာ ကုန်တင်ရန် ကျယ်ကျယ်ဝန်းဝန်းရှိမည်ဟု ဆိုသည်။ ယခုထုတ်လုပ်မည့် Sport Crossover လျှပ်စစ်ကားကို တိုယိုတာနှင့် BYDတို့ ပူးပေါင်းထားသည့် ဖက်စပ်ကုမ္ပဏီဖြစ်သည့် BYD Toyota EV Technology Co.,LTD(BTET) မှ ထုတ်လုပ်မည်ဖြစ်သည်။ အဆိုပါ ကုမ္ပဏီနှစ်ခုသည် ၂၀၂၀ ပြည့်နှစ် မေလကပင် ပူးပေါင်းမှုရှိခဲ့ခြင်းဖြစ်သည်။

bZ3 အမည်ရှိ လျှပ်စစ်ကားကို တရုတ်နိုင်ငံတွင် တိုယိုတာနှင့် BYDတို့ပူးပေါင်းကာ ပထမဦးဆုံး ထုတ်လုပ်ခဲ့ဖူးသည်။ Sport Crossover သည် ၂၀၂၅ ခုနှစ်တွင် ဈေးကွက်သို့ စတင်ရောက်ရှိမည်ဖြစ်သော်လည်း ၂၀၂၆ ခုနှစ်ရောက်မှသာ ဥရောပ၌ ဖြန့်ချိနိုင်မည်ဟုသိရသည်။ ၂၀၂၆ ခုနှစ်တွင် ဥရောပဈေးကွက်သို့ ဖြန့်ချိမည့် လျှပ်စစ်ကား မော်ဒယ်သစ်ငါးခုတွင် Sport Crossover သည်လည်း တစ်ခုအပါအဝင် ဖြစ်လာမည်ဖြစ်ကြောင်း တိုယိုတာက အတည်ပြုပြောဆိုထားသည်။

တိုယိုတာအနေဖြင့် ၂၀၂၆ ခုနှစ် အရောက်တွင် ဥရောပ၌ ရောင်းချမည့် ကားများ၏ ၂၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ကားများ ဖြစ်လာမည်ဖြစ်ပြီး နှစ်စဉ် အစီးရေ ၂၅၀၀၀၀ ကျော် ဖြန့်ချိတင်သွင်းနိုင်မည်ဟုလည်း ဆိုသည်။

**Source; global.toyota**